မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းက ထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁ ရက် ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၈၈)

နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်

ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းဆေးဝါးတွေနဲ့ မိရိုးဖလာ ကုထုံးတွေကို သုတေသနပြုလုပ်ပြီး နိုင်ငံတကာက လက်ခံလာအောင် ခေတ်မီနည်းပညာတွေနဲ့ အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ဆေးဝါးဆိုင်ရာထုတ်လုပ်မှုအပိုင်းမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အမြော်အမြင်ရှိရှိနဲ့ ကြိုးပမ်းဆောင်ရွက်နေခြင်းပဲဖြစ်တယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်းနေထိုင်သည့် မည်သည့်တိုင်းရင်းသားလူမျိုးမဆို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသော မျိုးချစ်စိတ်ဓာတ်ရှိစေရန် ရေပက်မဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်

လူတိုင်း ရောဂါဘယကင်းရှင်းစွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်ရေး အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၆

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့ -

ဒီကနေ့ဟာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းတဲ့နေ့ပဲဖြစ်တယ်။ စစ်ပညာရပ်တွေနဲ့ ဆေးဘက်ဆိုင်ရာပညာရပ်တွေကို အောင်မြင်စွာသင်ကြားတတ်မြောက်ပြီးလို့ နိုင်ငံတော်ကာကွယ်ရေးနဲ့ ဆေးဘက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြတော့မယ့် ရဲဘော်တို့ကို မှာကြားစရာရှိတာတွေ အလေးအနက်မှာကြားလိုတယ်။

ရဲဘော်တို့ -

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းတာဝန်ကို အဓိကထမ်းဆောင်ကြရမှာဖြစ်တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်)

ကာယ၊ ဉာဏ စွမ်းအားပြည့်ဝရေး ဂရုပြုဆောင်ရွက် ကျန်းမာရေး အသိအမြင်များတိုးပွားရန် ကြိုးပမ်း

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ လူတိုင်းသည် အသက်ရှည် ကျန်းမာစွာနေထိုင်ရေးကို အလေးထားကြရမည် ဖြစ်သည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရောဂါရှာဖွေကုသရေး လိုအပ်ချက်များကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးမှုကြောင့် ရောဂါများ ဖြစ်ပေါ်ကျရောက်မှု အခြေအနေကို ကြိုတင်တားဆီး ကာကွယ်နိုင်ခဲ့သည်။

ရောဂါကြိုတင်ကာကွယ်ရေးပိုင်းသည် အရေးကြီးသောအချက်ဖြစ်ရာ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများအား ကျန်းမာရေးအသိအမြင် ပြည့်စုံရန် အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ခဲ့သည်။

ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးအသိအမြင်ရှိရန် အထူးလိုအပ်သကဲ့သို့ ရောဂါဘယကင်းပြီး ကျန်းမာသန်စွမ်းနေပါမှ မိသားစုနှင့် နိုင်ငံတော်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

အထူးသဖြင့် ရာသီအလိုက်ဖြစ်တတ်သော ကူးစက်ရောဂါများ၊ခြင်ကြောင့် ဖြစ်တတ်သောရောဂါများ၊ အပျော်အပါး လိုက်စား၍ ဖြစ်တတ်သော အေအိုင်ဒီအက်စ်ရောဂါ စသည့်ရောဂါများနှင့်စပ်လျဉ်း၍ ကျန်းမာရေးအသိအမြင် ဗဟုသုတများ သိရှိနေရမည် ဖြစ်သည်။

လူတိုင်းသည် ကျန်းမာရေးအသိရှိပြီး ကျန်းမာရေးအသိနှင့် လိုက်နာဆောင်ရွက်ရန် အမူအကျင့် ဓလေ့စရိုက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ကျန်းမာရေးအသိနှင့် လိုက်လျောညီထွေစွာ နေထိုင်စားသောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းသက်တမ်းစေ့ နေထိုင်ရေးနှင့် ရောဂါဘယကင်းဝေးစေရေး ရည်မှန်းချက်နှင့်အညီ တိုင်းရင်းသား ပြည်သူများသည် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာမွေ အလက(၂)၌ လွတ်လပ်ရေးနေ့ အကြိုဟောပြော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာမွေအလက(၂)တို့ ပူးပေါင်းဆောင်ရွက်သည့် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က တာမွေအလက(၂) ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမာက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်အေးက လွတ်လပ်ရေးနေ့အကြောင်း ဟောပြောသည်။ (ဓါတ်ပုံ)

အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၃၀၀ခန့် တက်ရောက်ကြပြီး ဟောပြောပွဲအပြီးတွင် ပြသထားသော စာအုပ်၊စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ (မြို့နယ်ပြန်/ဆက်)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကလေးမြို့နယ် ပင်လုံရပ်ကွက်တွင်ကျင်းပ

ကလေး ဒီဇင်ဘာ ၂၆

ကလေးခရိုင် မြေစာရင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကလေးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ၂၀၀၈ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃၀ရက် နံနက် ၈နာရီက ကလေးမြို့နယ် ပင်လုံရပ်ကွက် ကွင်းအမှတ်(၆၆/၂) ဦးပိုင်အမှတ်(၄၄)ရှိ တောင်သူ ဒေါ်ကြူမာရီ၏ ရွှေဘို(၁)စပါးစိုက်ဧက ၄ဒသမ၅၂ဧက၌ ကျင်းပသည်။

ထွက်ရှိ

အဆိုပါစံကွက်ရိတ်သိမ်းပွဲကို ကလေးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးချစ်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်အောင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုကြပြီး တောင်သူ ဒေါ်ကြူမာရီ၏ ရွှေဘို(၁)စံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧကပျမ်းမျှ ၁၁၇ ဒသမ ၃၉တင်း ထွက်ရှိသည်။

ဆွေးနွေး

စံကွက်ရိတ်သိမ်းပွဲအပြီးတွင် ကလေးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်းက စပါးတစ်ဧကအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းခြင်း နည်းလမ်းများကို ရပ်ကွက်အဖွဲ့ဝင်များနှင့် လယ်သမားကြီးများအား တွေ့ဆုံပညာပေးဆွေးနွေးခဲ့သည်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၉)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တန်ဖိုး** ရန်အောင်၊ မေသန်းနု၊ ဥက္ကာမင်းမောင်၊ ချောရတနာ
- ၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၇)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅။ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၆)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၃)

ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်ရှေ့၌ကားဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့တွင် ဒီဇင်ဘာ ၂၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါဖြစ်ရပ်သည် ဘဂ္ဂဒက်မြို့ ရှုလာအရပ်အနီးဝန်းကျင်ရှိ ရဲတပ်ဖွဲ့များနှင့် ဆောက်လုပ်ရေးလုပ်သားများ အမြဲလိုလို စားသောက် လေ့ရှိသော စားသောက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ဗုံးပေါက်ကွဲရာမှ အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း အမည်မဖော်လိုသော ရဲသတင်းရပ်ကွက်က ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ အနောက်ပိုင်း အမ်ဘာပြည်နယ် ဖလူးဂျာမြို့တွင်လည်း ဒီဇင်ဘာ ၂၄ရက်က ရရာဖြင့်ဖြစ်သလို စီမံဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်း ပေါက်ကွဲခဲ့မှုကြောင့် ကလေးသုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ဖော်ပြ

၂၀၀၃ခုနှစ် မတ်လက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်လာကတည်းက ယင်းနိုင်ငံသည် ပေါက်ကွဲမှုနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားရာအရပ် ဖြစ်နေခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၁၆ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားခဲ့ရာ ဒီဇင်ဘာလအတွင်း အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ကိုးဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဘက်က ဒီဇင်ဘာ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန် ကာကွယ်ရေးဌာနမှ သေဆုံးသူများ၏ အမည်စာရင်းအား ထုတ်ပြန်ခွင့် မပြုသေးကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်ကို ကိုးကား၍ အဆွတ်အယ်လ် အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဝင်ရောက်ကျူးကျော်

၂၀၀၃ခုနှစ် မတ်လမှစတင်၍ အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်နိုင်ငံအတွင်းသို့ စတင်ဝင်ရောက် ကျူးကျော်ချိန်မှစ၍ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၂၁၆ဦး ရှိသွားပြီဖြစ်သည်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်း

ပျက်စီး

အီရတ် နိုင်ငံ ဘဂ္ဂဒက်မြို့ ရှုလာအရပ်ရှိ စားသောက်ဆိုင် တစ် ဆိုင် ၏ ရှေ့၌ ဒီဇင်ဘာ ၂၅ ရက် က ကား ဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ဆိုင်၏ မျက်နှာစာကို တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းစိုးထက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀)မှ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းကောင်းကျော်ဆွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းရဲထွန်းစိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို တာဝန်ကျရာ နေရာဒေသတိုင်းမှာ ကျယ်ပြန့်စွာဆောင်ရွက်

** ရွှေ့ဖုံးမှ*

နယ်စွန်နယ်ဖျားဒေသတွေမှာ တာဝန်ထမ်းဆောင်ကြရတဲ့ တပ်မတော်သားတွေအတွက် လုံလောက်တဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုကတော့ စစ်သည်များ ကိုယ်တိုင် ကျန်းမာရေး အသိပညာရှိဖို့ပဲဖြစ်တယ်။ အလားတူပဲ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက် ကောင်းမွန်တယ်ဆိုတဲ့အတိုင်း ကြိုတင်ကာကွယ်ခြင်းအတွက် အရေးအကြီးဆုံးဖြစ်တဲ့ ကျန်းမာရေးအသိပညာပေး လုပ်ငန်းတွေကို တာဝန်ကျရာ နေရာဒေသတိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာဖြစ်တယ်။ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ ရှေ့တန်းစစ်မြေပြင်က စစ်သည်တွေနဲ့အတူ လိုက်ပါပြီး တာဝန်ထမ်းဆောင်ရတာတွေရှိသလို နောက်တန်းက စစ်သည်နဲ့ မိသားစုဝင်တွေရဲ့ ဆေးအကာအကွယ်ပေးမှုတာဝန်ကို ဆောင်ရွက်ရတာတွေလည်း ရှိမှာဖြစ်တယ်။ ဘယ်နေရာ ဘယ်ဒေသမှာမဆို တာဝန်ထမ်းဆောင်တဲ့နေရာမှာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဆိုတဲ့ ဆေးတပ်ဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်း ကုသရေးသာမက ကာကွယ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း စတဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုတွေကို **စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စေတနာထားပြီး အကြင်နာတရားအပြည့်နဲ့ ဆောင်ရွက်ပေးကြရမယ်။

ဒါ့အပြင် နိုင်ငံနဲ့အဝန်း ပိုမိုထိရောက်တဲ့ ကျန်းမာရေး အကာအကွယ်ပေးမှု လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နေရာဒေသအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါဝေဒနာတွေရဲ့ လက္ခဏာတွေကို မှတ်တမ်းတင် သုတေသနပြုလုပ်ပြီး နှီးနှောဖလှယ်ခြင်းအားဖြင့် အတွေ့အကြုံ ရယူသွားကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေအပြင် လက်တွေ့ဘဝမှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေအပေါ် ပညာယူပြီး အသုံးချနိုင်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရမယ်။

ရဲဘော်တို့ –

တိုးတက်ထွန်းကားလာတဲ့ ဆေးသိပ္ပံပညာရပ်တွေနဲ့အတူ တီထွင်ထုတ်လုပ်ထားတဲ့ အဏုဇီဝဆေးဝါးတွေရဲ့ အစွမ်းဟာလည်း အံ့ဘနန်း ထိရောက်လာခဲ့ကြတယ်။ ဒါတွေနဲ့အတူ အချို့ဆေးဝါးတွေရဲ့ ဘေးထွက်ဆိုးကျိုး အကျိုးသက်ရောက်မှုကလည်း ပိုမိုများပြားလာတာကို သတိပြုကြဖို့လိုတယ်။ အနောက်တိုင်းနိုင်ငံတွေက ထုတ်လုပ်တဲ့ ဆေးဝါးတွေဟာ ထိရောက်မှုရှိသလို မမျှော်လင့်နိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေလည်း ပါလာတတ်တယ်။ ဒါကြောင့် အခုဆိုရင် အရှေ့တိုင်းနိုင်ငံများဟာ သူတို့နိုင်ငံက ထုတ်လုပ်တဲ့ ရိုးရာဆေးဝါးတွေကို နိုင်ငံတကာက လက်ခံလာအောင် ခေတ်မီနည်းပညာတွေနဲ့ သုတေသနပြုလုပ် ဆောင်ရွက်နေကြပြီဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့လည်း တိုင်းရင်းဆေးဝါးတွေနဲ့ မိရိုးဖလာ ကုထုံးတွေကို သုတေသနပြုလုပ်ပြီး နိုင်ငံတကာက လက်ခံလာအောင် ခေတ်မီနည်းပညာတွေနဲ့ အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ဆေးဝါးဆိုင်ရာ ထုတ်လုပ်မှုအပိုင်းမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အမြော်အမြင်ရှိရှိနဲ့ ကြိုးပမ်းဆောင်ရွက်နေခြင်းပဲ ဖြစ်တယ်။

ရဲဘော်တို့ –

ဆေးဘက်ဆိုင်ရာ ပညာရှင်များဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်သားတွေဖြစ်တာနဲ့အညီ မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေး တာဝန်ကို ကျရာကဏ္ဍက ထမ်းဆောင်ရမှာဖြစ်တယ်။ လိုအပ်လာရင် ခြေလျင်တပ်စုမှူးအဆင့်အထိ သင်ကြားတတ်မြောက်ပြီးသူတွေ ဖြစ်တာနဲ့အညီ မိမိတပ်ဖွဲ့ဝင်တွေကို ကွပ်ကဲပြီး စစ်မြေပြင်မှာ ခြေလျင်တပ်အသွင် တိုက်ပွဲဝင်နိုင်ရမှာ ဖြစ်တယ်။ ရန်သူနဲ့ရင်ဆိုင်ရတဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ လိုက်ပါပြီး ရဲစွမ်းသတ္တိပြခဲ့လို့ တပ်မတော်က ဂုဏ်ပြုခဲ့တဲ့ ဆေးတပ်ဖွဲ့ဝင်တွေရဲ့ သမိုင်းဟာ အရေးကြုံရင် သက်လုံကောင်းတဲ့ တပ်မတော်ရဲ့ အစဉ်အလာပဲ ဖြစ်တယ်။ **ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏** လို့ သစ္စာဆိုထားတဲ့ တပ်မတော်ရဲ့ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ရဲဘော်တို့ဟာ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သွားကြရမယ်။

ဒါ့အပြင် ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ ဓာတု၊ ဇီဝလက်နက်တွေကဲ့သို့ ခေတ်မီ စစ်လက်နက်ပစ္စည်းတွေရဲ့ ထိရောက်မှုတွေကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနေကြရမယ်။ တိုက်ပွဲဝင် စစ်သည်များရဲ့ ထိခိုက်ဒဏ်ရာနဲ့ ကျန်းမာကြံ့ခိုင်မှုအား ထိခိုက်စေတဲ့ နည်းလမ်းတွေကို စစ်ရေးသတိရှိရှိနဲ့ ကြိုတင်မျှော်တွေးဖော်ထုတ်ပြီး ကာကွယ်နိုင်အောင် စီမံဆောင်ရွက်ခြင်းဟာ ရဲဘော်တို့ အစဉ်အမြဲလုပ်ဆောင်နေရမယ့်လုပ်ငန်းပဲ ဖြစ်တယ်။

ရဲဘော်တို့ –

တပ်မတော်သား ဆရာဝန်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ ပြည်သူ့တပ်မတော်သားတွေ ဖြစ်တာနဲ့အညီ တာဝန်ကျရာဒေသက ပြည်သူလူထုတွေရဲ့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကိုလည်း လူမျိုး၊ ဘာသာ၊ သာသနာမခွဲခြားဘဲ ဆောင်ရွက်ပေးကြရမယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးဆိုတဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ ရဲဘော်တို့အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ အမျိုးသားကျန်းမာရေးစီမံကိန်းတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်သွားကြရမှာ ဖြစ်တယ်။

ဒို့တိုင်းပြည်လူဦးရေရဲ့ ၇၅ရာခိုင်နှုန်းဟာ ကျေးလက်နေလူတန်းစားတွေ ဖြစ်လို့ ကျေးလက်ဒေသတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်လျက် လူတိုင်း ရောဂါဘယ ကင်းရှင်းစွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်ရေးကို ရည်မှန်းပြီး အကောင်အထည်ဖော်တဲ့နေရာမှာ ရဲဘော်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ –

တပ်မတော်ရဲ့အစဉ်အလာကောင်းတွေနဲ့အညီ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာလည်း ပြည်သူ့အရေးအတွက်ဆို ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စေတနာအပြည့်နဲ့ သယ်ပိုးဆောင်ရွက်ခဲ့ကြတယ်။ မေလဆန်းပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းတိုက်ခတ်ခံရတဲ့နေရာတွေကို ဒို့ဆေးတပ်ဖွဲ့ဝင်တွေဟာ ကိုယ့်ရိက္ခာကိုယ်စား၊ ကိုယ့်ဆေးကိုယ်ထမ်း၊ ကိုယ့်လမ်း ကိုယ်ဖောက်ပြီး အစွန်အဖျားဒေသတွေအရောက် မိုးထဲရေထဲမှာ လူးလာခေါက်တုံ့သွားရင်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှု လုပ်ငန်းတွေကို နေ့ညမနား လုပ်ခဲ့ကြတယ်။ ဆေးတပ်ဖွဲ့ဝင်တွေရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကြောင့် ဒို့တပ်မတော်သားတွေရဲ့ နိုင်ငံနဲ့လူမျိုးအပေါ်ထားတဲ့ စေတနာနဲ့ သစ္စာတရားကို ပြည်သူတွေသာမက နိုင်ငံတကာစောင့်ကြည့်ရေး အဖွဲ့တွေကပါ အသိအမှတ် ပြုခဲ့ရတယ်။

ရဲဘော်တို့ –

နိုင်ငံတော်ရဲ့ နေရာဒေသအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်ပြီး မှာကြားလိုတယ်။ တိုင်းရင်းသားလူမျိုးစု တစ်ရာကျော် စုပေါင်းနေထိုင်ကြတဲ့ ဒို့နိုင်ငံဟာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှိဖို့လိုတယ်။ နိုင်ငံတော်အတွင်း နေထိုင်သည့် မည်သည့်တိုင်းရင်းသားလူမျိုးမဆို နိုင်ငံတော်၏ ကောင်းရာ ကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိစေရန် ရေပက်မဝင်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့ လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာ အရပ်ဒေသက တိုင်းရင်းသား ညီအစ်ကိုတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ စည်းလုံးညီညွတ်မှုရအောင် တည်ဆောက်ကြဖို့ လိုအပ်ကြောင်း မှာကြားလိုတယ်။

ရဲဘော်တို့ –

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာက **"သမားဓနည် အောင်စစ်သည်"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ်စစ်ပွဲတွေကို စစ်ပညာနဲ့ ဆေးပညာရှုထောင့်က အမြဲမပြတ် ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာ အရပ်ဒေသက အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ပြီး ကျစ်လျစ်ခိုင်မာတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပသည့် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၆

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ်ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှရွှေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်မောင်ရှိန်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိက ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက အကပဒေသာတို့ဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း

နေပြည်တော် ဒီဇင်ဘာ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၆) ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းတွင်ပထမဆုရ လက်ပံတန်းမြို့နယ် အခွန်ဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သိန်းသိန်းမြင့်၊ ဒုတိယဆုရ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးမှ ဦးစီးအရာရှိ ဦးဉာဏ်ရှိန်ဖြိုးနှင့် တတိယဆုရ ငွေစာရင်းစာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်သက်သဥ္ဇာနွယ်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့ သံတွဲနှင့် တောင်ကုတ်မြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဦးကံညွန့်၊ ပါမောက္ခ ဒေါက်တာဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကု အဖွဲ့သည် ဒီဇင်ဘာ၂၀ရက်မှ၂၅ရက် အထိ ရခိုင်ပြည်နယ်သံတွဲမြို့နယ်နှင့်တောင်ကုတ်မြို့နယ်တို့ရှိ မျက်စိဝေဒနာရှင်၁၂၂၆ဦးနှင့် အတွင်းတိမ်လူနာ၂၃၂ ဦး တို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ခွဲစိတ်

အဆိုပါအဖွဲ့တွင် မျက်စိဆရာဝန် ငါးဦး၊ သူနာပြုဆရာမ ငါးဦးတို့ပါဝင်ကြပြီး ဒီဇင်ဘာ၂၀ရက်မှ၂၂ရက်အထိ သံတွဲမြို့ ငပလီကမ်းခြေ မြပြင်ကျေးရွာရှိ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမောင်မောင်မြ လှူဒါန်းထားသည့် မျက်စိအထူးကုဆေးခန်း၌ ပြင်ပလူနာ ၆၁၆ဦးကို ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာ ၁၂၁ဦးအား အခမဲ့ ခွဲစိတ်ပေးခဲ့ကြသည်။

အလားတူ ဒီဇင်ဘာ ၂၃ရက်မှ ၂၅ ရက်အထိ တောင်ကုတ်မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၆၁၀ အား ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာရှင် ၁၁၁ဦးအား အခမဲ့ ခွဲစိတ်ပေးခဲ့ကြသည်။

ယခုကဲ့သို့ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ရန်ကုန်မြို့ Mother Trading မှ ဦးအောင်မြတ်၊ သံတွဲမြို့၊ ငပလီကမ်းခြေ Silver Beach Hotel မှ ဦးကြည်လင်း၊ တောင်ကုတ်မြို့မှ ကုန်သည်ကြီး ဦးကျောက်တောင်၊ ရန်ကုန်မြို့ ဘောက်ထော်ရပ်မှ ဒေါ်သန်းငွေ၊ သမီး ဒေါက်တာကြည်ကြည်ငွေမိသားစုနှင့် မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးဌာနတို့က စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုပ္ပားမီးငြိမ်းတောင်ဒေသတစ်ဝိုက်၌ သဘာဝပိုဇိုလန်များ အမြောက်အမြားထွက်ရှိ ကုန်ကျစရိတ်သက်သာပြီး ပိုမိုခိုင်ခံ့မှုရှိ၍ ကွန်ကရစ်စီမံကိန်းလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြုနေ(၂)

နေပြည်တော် ဒီဇင်ဘာ ၂၆

ပုပ္ပားဒေသရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံ ရှင်းလင်းဆောင်သို့ရောက်သော စက်ရုံမှူးဦးကြည်ထွန်းနှင့် တာဝန်ရှိသူများအားနှုတ်ဆက်ရင်း စက်ရုံအတွင်း လှည့်လည်လေ့လာခဲ့သည်။

နှစ်ပေါင်းများစွာ

"စက်ရုံပထမအဆင့်ကို ၂၀၀၄-၂၀၀၅ခုနှစ်တွင်ပြီးစီးကာ စက်ရုံဒုတိယအဆင့်ကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ စုစုပေါင်း တစ်နေ့သဘာဝပိုဇိုလန်တန် ၁၅၀၀ ထုတ်ယူနိုင်ကြောင်း၊ ဘိလပ်မြေ၏မှုန့်ညက်မှုထက် သဘာဝပိုဇိုလန်၏မှုန့်ညက်မှုက ပို၍သာကြောင်း၊ ပုပ္ပားဒေသအတွင်း သဘာဝပိုဇိုလန်များကိုနှစ်ပေါင်းများစွာထုတ်ယူနိုင်ကြောင်း" ဖြင့် စက်ရုံမှူးကရှင်းလင်းပြောကြားသည်။

သဘာဝပိုဇိုလန်ရောစပ်၍ လက်လုပ်အုတ် ထုတ်လုပ်နေစဉ်။

အဆိုပါ သဘာဝပိုဇိုလန်စက်ရုံကို ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်ရေလှောင်တမံတွင် ဘိလပ်မြေပါဝင်မှု လျော့နည်းစေ၍ ဘိလပ်မြေကဲ့သို့မာကျောသည့် ဂုဏ်သတ္တိရှိသော သဘာဝပိုဇိုလန်ကုန်ချောအဖြစ် ထုတ်လုပ်အသုံးပြုရန်၊ အနာဂတ်တွင် ပြည်တွင်း၌ တည်ဆောက်မည့် RCC Dam များနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် သဘာဝပိုဇိုလန် ထုတ်လုပ်ပေးနိုင်ရန်နှင့် နိုင်ငံခြားပို့ကုန်အဖြစ် ထုတ်လုပ်သွားရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပေသည်။

ဦးစားပေးထုတ်လုပ်

ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် မီးတောင်ဒေသများဖြစ်သော မန္တလေးတိုင်း ပုပ္ပားဒေသနှင့် စစ်ကိုင်းတိုင်း ဘုတလင်ဒေသများတွင် သဘာဝပိုဇိုလန်ကို ပညာရှင်များက စူးစမ်းလေ့လာတိုင်းတာတွေ့ရှိခဲ့ပြီး လိုအပ်သည့်ဂုဏ်သတ္တိများနှင့်ပြည့်စုံသောပုပ္ပားဒေသမှ သဘာဝပိုဇိုလန်ကို ဦးစားပေးထုတ်လုပ်ရန် စီမံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မိမိတို့သည် မြောင်းရှည်ကျေးရွာ၌ သဘာဝပိုဇိုလန်ရောစပ်အသုံးပြု၍ လက်လုပ်အုတ် ထုတ်လုပ်နေမှုကိုလည်းတစ်ဆက်တည်း သွားရောက်လေ့လာခဲ့သည်။ တစ်နေ့အုတ်အလုံး ၁၅၀၀ ခန့်ထုတ်လုပ်၍ အုတ်တစ်လုံးကို ငွေကျပ် ၈၀ ဖြင့်ရောင်းချကြောင်းသိရသည်။

နည်းစနစ်မှန်ကန်

သဘာဝပိုဇိုလန်နှင့် ကျောက်၊ သဲ၊ ဘိလပ်မြေတို့အချိုးအစားမှန်ကန်စွာ ရောနှောသုံးစွဲခြင်းဖြင့် အုတ်စီခြင်း၊ အချောကိုင်ခြင်းလုပ်ငန်းများ၊ အောက်ခံကွန်ကရစ်အကြမ်းလောင်းခြင်း၊ ကွန်ကရစ်ကြမ်းခင်းလောင်းခြင်း၊ သံကူကွန်ကရစ်လုပ်ငန်းများတွင် နည်းစနစ်မှန်ကန်စွာသုံးစွဲခြင်း၊ ထုထည်ကြီးမားသော ကွန်ကရစ်လုပ်ငန်းများတွင် အပူထွက်မှုနည်းစေခြင်းဖြင့် ဆံခြည်မျှင်အက်ကြောင်းများ မပေါ်အောင်သုံးစွဲခြင်း အပါအဝင် အလျဉ်းသင့်စွာ ထည့်သွင်းအသုံးပြုနိုင်ကြောင်းလည်း သိရသည်။

မိမိတို့သည် သဘာဝပိုဇိုလန်၏ သမိုင်းခြေရာကို ပုပ္ပားဒေသတွင် လှည့်လည်ရှာဖွေနေခဲ့ရာမှ မျက်မှောက်သဘာဝပိုဇိုလန်၏ သမိုင်းပြယုဂ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းဒေသသို့လည်း မရောက်မဖြစ် ဆက်လက်ခရီးနှင်ခဲ့ကြပြန်ပါသည်။

အသုံးပြုမှု

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေမျိုးဝင်းက RCC Dam တွင် သဘာဝပိုဇိုလန် ထည့်သွင်းအသုံးပြုမှုနှင့် စပ်လျဉ်း၍ "ကွန်ကရစ်နဲ့ပြုလုပ်တဲ့ တမံကြီးတွေ တည်ဆောက်လျှင် ဘိလပ်မြေတစ်မျိုးတည်း ထည့်ပြီးသုံးလို့မရပါဘူး။ ဘိလပ်မြေက ထုတ်လုပ်တဲ့ အပူကြောင့် ကွဲအက်ခြင်းတွေ ရှိတတ်ပါတယ်။ ဒါ့အပြင် ကုန်ကျစရိတ်လည်း များပြားပါတယ်။

ဒါကြောင့် ဘိလပ်မြေရဲ့အပူကြောင့် ကွဲအက်ခြင်းကို ကာကွယ်ဖို့နဲ့ စီးပွားရေးအရ တွက်ခြေကိုက်ဖို့ Cementatious Material တစ်မျိုး ထည့်သွင်းအသုံးပြုတဲ့ နည်းပညာဖြစ်ပါတယ်။ Cementatious Material မှာ Fly Ash (ကျောက်မီးသွေးပြာ)လည်း ပါဝင်ပါတယ်။

ကာကွယ်

ကျွန်တော်တို့ဒေသဟာ အင်မတန်ကံကောင်းပါတယ်။ ပုပ္ပားဒေသမှာ သဘာဝအလျောက် မီးတောင်ချော်ပြာကရရှိတဲ့ သဘာဝပိုဇိုလန်ထွက်ရှိပါတယ်။ အဲဒီသဘာဝပိုဇိုလန်ကို ဘိလပ်မြေရဲ့ ရေခန်းခြောက်ပြီး အပူထွက်လာမှုကြောင့် ကွဲအက်ခြင်းကို ကာကွယ်စေဖို့ ထည့်သွင်းအသုံးပြုခြင်းဖြစ်ပါတယ်။ သဘာဝပိုဇိုလန်ဟာ ရေနဲ့ထိတွေ့ရင် ဓာတ်ပြုပြီး ဘိလပ်မြေနဲ့ပေါင်းစပ်ကာ ဘိလပ်မြေကဲ့သို့ အာနိသင်ရှိလာတယ်။ အပူတော့မထုတ်လုပ်ဘူး။ဘိလပ်မြေနဲ့ အလားသဏ္ဌာန်တူတဲ့ အာနိသင်ရှိတဲ့အတွက် တဖြည်းဖြည်းနဲ့ ဘိလပ်မြေအာနိသင်ကို ကူးလာတယ်။

ဒါပေမယ့် ဘိလပ်မြေကဲ့သို့ အလျင်အမြန်အိပ်စေတဲ့ သဘာဝတော့မရှိဘူး။ သဘာဝပိုဇိုလန်ရဲ့ နောက်အကျိုးကျေးဇူးတစ်ခုက ဘိလပ်မြေရဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပါတယ်။ နောက်ပြီး ကွန်ကရစ်ထဲမှာ ကျောက်ပါမယ်၊ သဲပါမယ်၊ ဘိလပ်မြေပါမယ်။ ဒါ့ကြောင့် ကွန်ကရစ်လုပ်ငန်းတွေမှာ မျက်စိနဲ့မမြင်နိုင်တဲ့ လေဟာနယ်တွေရှိတယ်။ သဘာဝပိုဇိုလန်က မျက်စိနဲ့မမြင်နိုင်တဲ့ လေဟာနယ်တွေကြားထဲကို ဝင်သွားတယ်။ ဒါ့ကြောင့် ကွန်ကရစ်က ပိုသိပ်သည်းသွားတယ်။ အလေးချိန်တက်လာပြီး ကွန်ကရစ်ရဲ့ အင်အားကို ပိုပြီးကောင်းစေပါတယ်။ ရဲရွာ Dam ၏ အမြင့်မှာ ၄၄၃ပေ မြင့်ပါတယ်။ ရဲရွာ RCC Dam အတွက် ၃၅ရာခိုင်နှုန်းက ဘိလပ်မြေဖြစ်ပြီး ၆၅ရာခိုင်နှုန်းက သဘာဝပိုဇိုလန် ထည့်သွင်းသုံးစွဲထားပါတယ်။ သဘာဝပိုဇိုလန်ဟာ ဘိလပ်မြေမဟုတ်တဲ့အတွက် ရောစပ်အသုံးပြုရာမှာ နည်းစနစ်ကျဖို့ လိုပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

မိမိတို့အနေဖြင့် ဤမျှ ထုထည်ကြီးမားသော ရဲရွာ RCC Dam တွင် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို စနစ်တကျ ရောစပ်အသုံးပြု တည်ဆောက်နိုင်မည်ဆိုလျှင် သာမန်လူနေအဆောက်အအုံများတွင် ဤကဲ့သို့ စနစ်တကျ အသုံးပြုပါက ကုန်ကျစရိတ်များ လျှော့ချသက်သာနိုင်မည်ဖြစ်ကြောင်း အတွေးတစ်ခုရမိပါသည်။

ထူးခြားသော ဝိသေသ

မိမိတို့သတင်းအဖွဲ့သည် သတင်းအချက်အလက်များ စုံလင်စွာရရှိပြီးဖြစ်၍ နောက်တစ်နေ့ ပြန်လည်ထွက်ခွာလာချိန်က နေထန်းတစ်ဖျား ကျော်စပြုချေပြီ။ မြန်မာနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ် စီမံကိန်းတွင် ပထမဆုံး တည်ဆောက်ခဲ့သော RCC Dam ကြီး၏ ပထမအကြိမ်အဖြစ် ကိုယ့်ပြည်ကိုယ့်ရွာမှ ထွက်ရှိသော သဘာဝပိုဇိုလန်ကို စတင်သုံးစွဲနိုင်ခြင်းဟူသည့် ထူးခြားသောဝိသေသများ ပေါင်းဆုံရာ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကြီးကို ငေးမောကြည့်ရင်း ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေကြသော အသိပညာရှင်၊ အတတ်ပညာရှင် အပါအဝင် ဝန်ထမ်းအပေါင်းအား ရင်တွင်းမှသာ နှုတ်ခွန်းဆက်သလိုက်ရပါသည်။ ။

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ - ထွန်းဝင်းနိုင်(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

မန္တလေးတိုင်း အခွန်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၂၆

ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းအခွန်ဦးစီးဌာနမှူးရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းအခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် ခရိုင်အခွန်ဦးစီးဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းအခွန်ဦးစီးဌာနမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ပြောကြားပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာကောက်ခံရရှိရေး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(ပြည်တွင်းအခွန်)**

ငဝါအားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရွှေပြည်သာ၌ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမှတ် (၅)ရပ်ကွက် ငဝါအားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး စာအုပ်၊ စာစောင်များပေးအပ် လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအေးမြင့်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

27-12 (05).pmd 1 12/27/2008, 1:17 AM

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဧည့်သည်အဖွဲ့ တွေ့ဆုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား DAEWOO International Corporation ၏ ဥက္ကဋ္ဌသစ်နှင့် CEO, Mr. Jae Yong Kim နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အသင်းလိုက်ပထမဆုရရှိသော ရွှေမြန်မာ (ကက-လေ) အသင်းအား ဆုချီးမြှင့်စဉ်။

(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက် ခြင်းလုံးရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲကျင်းပ

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးမြင့်က တတိယဆုရရှိသော ရွှေတိုင်(ကြည့်မြင်တိုင်)အသင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က ဒုတိယဆုရ မရိုးမရင်း(ကက-ရေ)အသင်းနှင့် ပထမဆုရ ရွှေမြန်မာ (ကက-လေ)အသင်းတို့အား တစ်ဦးချင်းနှင့် ငွေသားဆုကို ချီးမြှင့်ခဲ့သည်။

ချီးမြှင့်

ထို့နောက်မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အသင်းလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ဆုချီးမြှင့်ပေးသည်။ **(မြန်မာ့အလင်း)**

အထက(၂)ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

အထက(၂)ကမာရွတ်(ယခင်စိန့်ဩဂတ်စတင်း)ကျောင်း၏ (၁၁)ကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၉ရက် (သောကြာနေ့) ညနေ ၅ နာရီမှ ၆နာရီခွဲအထိ အာစရိယပူဇော်ပွဲ၊ည၇နာရီမှ ၉ နာရီအထိ မိတ်ဆုံညစာ စားပွဲကို (IBC) ပြည်လမ်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၈ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ကျောင်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန် ဖိတ်ကြား နိုးဆော်ထားသည်။

မိတ်ဆုံညစာစားပွဲ လက်မှတ်များကို သီးသန့်ရောင်းချမည်ဖြစ်ရာ နီနီမာ (Dolly Myint Thein)ဖုန်း-၀၉-၅၁-၀၆၉၄၇၊ ၅၃၄၆၇၀၊ ပီတာဘသိန်း ဖုန်း-၀၉-၅၁-၃၆၃၇၇၊ ၆၆၆၆၉၅၊ မော်မော်မြင့် ဖုန်း-၀၉-၅၀-၆၈၀၆၅၊ ၅၃၅၈၀၅ နှင့် ခင်တိုးယဉ် ဖုန်း-၀၉-၅၀-၂၈၄၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ပခုက္ကူခရိုင် ပွင့်ဖြူမြို့နယ်၌ ချောင်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၆

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ချောင်ကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် ချောင်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၄ရက် နံနက် ၁၀နာရီက အဆိုပါရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်လိုက်သည့် ချောင်ရေလှောင်တမံသည် ပခုက္ကူခရိုင်အတွက် ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ၇၁ခုတွင် ပါဝင်သည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်း မူလက ဆည်/ကန် ၄၂ခု၊ ဆည်ရေသောက်ဧရိယာ ၂၆၁၀၁၁ဧကရှိခဲ့ရာမှ ယခုဖွင့်လှစ်သည့် ချောင်ရေလှောင်တမံ အပါအဝင် ၄၃ခုအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်၍ ဆည်ရေသောက် ဧရိယာ ၂၆၁၂၆၁ဧကအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်၊ကန်၊တမံငယ် ၇၁ခုကို ၂၀၀၄ခုနှစ်မှစတင်၍ စီမံချက်ချဆောင်ရွက်စေခဲ့ရာတွင် ချောင်ရေလှောင်တမံ အပါအဝင် လုပ်ငန်းပေါင်း ၆၂ခုအပြီးသတ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသော လုပ်ငန်းခုနစ်ခုကို(၂၀၀၉-၂၀၁၀)ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်ပေးလိုက်သော ချောင်ရေလှောင်တမံသည် နိုင်ငံတော်အစိုးရ၏ ၂၁၇ခုမြောက်ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ဒေသဆန်ဖူလုံရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် ဝါ၊ကြံ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုများကို အသုံးချကြိုးပမ်းဆောင်ရွက်သွားကြကာ ယခုဖွင့်လှစ်လိုက်သော ချောင်ရေလှောင်တမံ အပါအဝင် တည်ဆောက်ပြီး ရေလှောင်တမံများ ရေရှည်တည်တံ့ကြံ့ခိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ချောင်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ချောင်ရေလှောင်တမံကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကာ ချောင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သော ချောင်ရေလှောင်တမံသည် မကွေးတိုင်းအတွင်း (၄၃)ခုမြောက် ရေလှောင်တမံဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်ကာ တမံအမြင့် ၄၃ပေ၊ ပင်မတမံအလျား ပေ ၁၉၈၀၊ ကုန်းကျောတမံအလျား ပေ၃၀၀၊ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ၁၁၆၀ရှိကြောင်း၊ နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၁၁၄၆သန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၃)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

မြို့မ အမျိုးသမီးအထက်တန်းကျောင်း ပညာသင်နှစ်မှစ၍ ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၃)ဒဂုံ မြို့မခန်းမ၌ အသက်(၆၀)ပြည့် ဆရာမကြီးများနှင့် ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဆရာမဒေါ်ခင်လှထွေး၊ ဒေါ်ကျင်ရှိန် ဖုန်း-၇၂၄၉၄၀၊ဒေါက်တာခင်ခင်ထားဖုန်း- ၀၉-၅၀-၁၄၉၃၃၊ မဥမ္မာမြင့် ဖုန်း-၀၉-၅၁-၂၁၅၃၈၊ မအေးစုလှိုင်ဖုန်း-၂၁၁၆၃၉၊ မခင်ချမ်းသာ ဖုန်း-၀၉-၅၁-၁၆၂၆၆၊ မို့မို့အေး ဖုန်း-၃၈၈၄၇၂၊မမိုးဖြူသဲ ဖုန်း-၅၅၆၂၆၁၊ နန့်ဝတ်ရည်နှင်းကြည်ဦး ဖုန်း-၅၁၀၀၅၄၊ မယဉ်မင်းထက်ဖုန်း-၅၃၈၃၈၆ နှင့် မနွယ်နီဝင်းဖုန်း-၂၄၈၁၄၅တို့သို့ ဆက်သွယ်နိုင်သည်။ **(မြန်မာ့အလင်း)**

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ) သင်တန်းများဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် ရထားသင်တန်းဌာနခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရုံပိုင်(ဘဏ်သစ်လောင်း)၊ ရထားထိန်း(အထူး)၊ စက်ခေါင်းမောင်း(လက်ထောက်)နှင့် သံလမ်းထိန်းသိမ်းရေး (ဘဏ်သစ်လောင်း) သင်တန်းများ ဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက် နံနက် ၈နာရီခွဲက ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး ဦးကျော်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ သင်တန်းနည်းပြများနှင့် သင်တန်းသား ၇၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်မှ ၁၂ပတ်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၈၆)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

မင်းဘူး၌ သက်ကြီးစာပေပညာရှင်ကန်တော့

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို မကွေးတိုင်း မင်းဘူးမြို့ ခရိုင်ပြန်/ဆက်ရုံး၌ နိုဝင်ဘာ၂၉ရက် နံနက်၉နာရီက ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသန်းနိုင်(ကဗျာဆရာ သူ့ထက်ကို)က အမှာစကားပြောကြားပြီး သက်ကြီး စာပေ ပညာရှင်ဦးဟန်ထွန်း(ထွန်းညို စကု)အား အလှူရှင်များက ဆေးဝါး၊ လက်ဆောင် ပစ္စည်းနှင့် အလှူငွေများ ပေးအပ်ကန်တော့ကြသည်။ **(တိုင်းရင်းဆေး)**

ကောလင်း အထက အာစရိယပူဇော်မည်

ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ ဟောင်းများ၏ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အခြေခံပညာအထက်တန်းကျောင်း သဇင် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၇၅-၄၂၁၁၂၊ ၀၇၅- ၄၂၁၇၈၊ ၄၂၂၄၁တို့သို့ ဆက်သွယ်နိုင်သည်။ (၀၃၂)

စာဖတ်ရှိန်မြှင့်တင်ရေး ပူတာအို၌ဟောပြော

ပူတာအိုမြို့နယ် ဆာရ့်ခွမ်ဒမ်းကျေးရွာအုပ်စု မလီဒီကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး ဒီဇင်ဘာ ၁ရက် နံနက်၁၀နာရီက ကျင်းပ သည်။ **(ခရိုင် ပြန်/ဆက်)**

ဖန်းမော်မြို့တွင် ရေပေးရေးလုပ်ငန်းဆောင်ရွက်

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်လျက်ရှိသော အနောက်သာစည်ရပ်ကွက် ဂါလန် ၈၀၀၀ဆံ့ ကွန်ကရစ် ရေစင် တည်ဆောက်ခြင်း ရေစက်ရုံနှင့် စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို ဒီဇင်ဘာ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ဟိုပင်မြို့ နန့်ရင်းကျေးရွာတွင် သဲကျောက်လမ်းခင်း

ကချင်ပြည်နယ် ဟိုပင်မြို့နယ် နန့်ရင်းကျေးရွာတွင် ဒီဇင်ဘာ၄ရက်က ကျေးရွာ ဥက္ကဋ္ဌ ဦးစံသိန်းနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ရွာသူရွာသားများက ကိုယ့်အားကိုယ်ကိုး သဲကျောက်လမ်းခင်းကြောင်း သိရသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၅၂၀၀၊ အကျယ် ၁၀ပေရှိပြီး ရန်ပုံငွေကျပ် သိန်း၂၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သာစည် မြို့မဈေး၌ စားသောက်ကုန်စစ်ဆေး

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်လှဲလှဲပုံနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီဝင်များနှင့်အတူ နိုဝင်ဘာ ၂၈ရက်က မြို့မစည်ပင်သာယာဈေး ကြီးအတွင်းရှိ ကုန်စုံဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များသို့ တစ်ဆိုင်ချင်း ဝင်ရောက်၍ စားသုံးရန်မသင့်သော နို့မှုန့်များနှင့် အခြားအစားအစာများ ရောင်းချမှု စစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့တွင် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၅နာရီက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့စုရပ်၌ ကျင်းပသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်သူလူထု ၁၂၀၀ကျော်တို့ ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းမူမြို့၌ စာပေဟောပြော

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲက မြင်းမူမြို့ သိမ်တော်ကြီးမွှောရုံ၌ ကျင်းပရာ စာရေးဆရာ မြင်းမူ မောင်နိုင်မိုး၊ မြတ်ခိုင်နှင့် စာရေးဆရာမ မစန္ဒာတို့က ဟောပြော ကြသည်။ (၀၃၅)

တောင်ကြီး၌ ကျန်းမာရေးအသိပညာပေးဆွေးနွေး

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဦးတည်အုပ်စုများတွင် ရာနှုန်း ပြည့် အကာအကွယ်ပစ္စည်းအသုံးပြုရေး စီမံချက်အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားကတ် နွားထိုးကြီး၌ ကွင်းဆင်းဆောင်ရွက်ပေး

နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးနှင့်အဖွဲ့သည် နိုဝင်ဘာ၂၄ရက်က မြို့မရပ်ကွက် ခြောက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၄အုပ်စုမှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။ (၀၈၉)



တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ်ကျောင်းများသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲတက်ရောက် မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မမြောင်းရေတင်နေမှု စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့သည် ဒီဇင်ဘာ၂၀ရက် နံနက်ပိုင်းက ဟင်္သာတခရိုင် မြန်အောင်မြို့နယ် သခွတ်ကွင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသော နေရောင်ခြည် စွမ်းအင်သုံး ဆိုလာလျှပ်စစ်ထုတ်စက်နှင့် ကွန်ပျူတာ ပရင်တာ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် Smart Technical Services Co., Ltd. မှ ဒေါ်သဇင်ညွန့်က ငွေကျပ်၅၂သိန်းတန်ဖိုးရှိ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ထုတ်စက်နှင့် ပတ်သက် သော စာရွက်စာတမ်းများကို သခွတ်ကွင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး ဦးမြင့်သိန်းထံပေးအပ်၍ Pacific High Technology International Co., Ltd. မှ ဒါရိုက်တာ ဦးကျော်မျိုးခိုင်က အင်ပင်အခြေခံပညာအထက်တန်း ကျောင်းအတွက် ကွန်ပျူတာနှင့်ပရင်တာတစ်စုံ၊ ဒေါ်သဇင်ညွန့်က လက်ပံကွင်း အခြေခံ ပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ထုတ် စနစ်တပ်ဆင်၍ ကွန်ပျူတာအသုံးပြုမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန မြန်အောင်မြို့နယ် မြစ်ကျိုးလျှပ်စစ် မြစ်ရေတင်စီမံကိန်း ပင်မမြောင်း ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မြစ်ကျိုးလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို မြန်အောင်မြို့နယ် ရှားတောကျေးရွာအနီး၌ ဧရာဝတီမြစ်မှ ရေကိုစုပ်တင်၍ ကီလိုဝပ် ၄၁၀ မော်တာဖြင့် လက်မ ၄၀ကျူဆက်ပန့် ခြောက်စုံတပ်ဆင်ကာ လယ်မြေဧက ၁၀၀၀၀ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ကွန်ပျူတာပေးအပ်

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဒုတိယဝန်ကြီးတို့သည် ဒီဇင်ဘာ ၂၁ရက် နံနက် ၉နာရီတွင် မြန်အောင်မြို့နယ် အင်ပင် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အင်ပင်အခြေခံပညာ အထက်တန်းကျောင်းနှင့် လက်ပံကွင်း အထက်တန်း ကျောင်း(ခွဲ)သို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ကွင်းအမှတ် ၆၂၈၌ ကညင်ချောင်း လျှပ်စစ်ရေတင်စီမံကိန်း၊ နွေစပါးလျာထားဧက ၂၃၅ဧက၌ ဒေသတောင်သူများစုပေါင်း၍ မြေပြုပြင်ထွန်ယက်မှု၊ ရွှေမြန်မာနှင့် သီးထပ်ရင် စပါးမျိုးများ ကြဲပက်မှုနှင့် တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးနေမှု၊ ကန်သင်းပေါင်များ၌ ဆင်းရွှေကြာ နေကြာမျိုး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နံ့ရုံကပ် စာစောင်နှင့် ဓာတ်ပုံပြပွဲ

(၆၁)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလက (၇)တို့ ပူးပေါင်းဖွင့်လှစ်သော နံ့ရုံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က အလက (၇) တောင်ဥက္ကလာပ ကျောင်း ခန်းမ၌ကျင်းပရာကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှထွေးက အဖွင့်အမှာစကားပြော ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

Myanmar Book Centre ဆိုင်ခွဲဖွင့်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

Myanmar Book Centre Co., Ltd . ၏ Myanmar Book Centre ဆိုင်ခွဲ ဖွင့်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ လမ်းရှိ Mr. Brown စားသောက်ဆိုင်၌ ကျင်းပရာ ရှေးဦးစွာ Myanmar Book Centre Co., Ltd. ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသစ်ထပ်မံ ဖွင့်လှစ်သည့် Myanmar Book Centre အမှတ်(၅၆၁/၅၆၇) အခန်းအမှတ်(၃) မြေညီထပ် MAC Tower(I) ကုန်သည်လမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့၏ အကြောင်းကို ရှင်းလင်းပြောကြားသည်။

တင်သွင်းဖြန့်ချိ

နိုင်ငံတကာထုတ် နောက်ဆုံးထွက် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိပေးရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် Myanmar Book Centre သည်၁၉၉၆ ခုနှစ်မှ ယနေ့အထိ Tourist Market အတွက် Book on Myanmar စာအုပ်များကို နိုင်ငံတကာ ထုတ်ဝေသူများထံမှ တင်သွင်းဖြန့်ချိလျက် ရှိသည်။

ထို့အပြင် တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများနှင့် ဌာနဆိုင်ရာ များ၏ အမှာများကို တင်သွင်းပေးခြင်းနှင့် စာဖတ်ပရိသတ်တစ်ဦးချင်း လိုအပ်သော စာအုပ်များ၊ e Book, e Article များကို မှာကြားပေးခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ ပွဲတော်များတွင် စာအုပ်ပြပွဲများ ကျင်းပ ပေးခြင်းနှင့် အခြားစာအုပ်ဆိုင်များနှင့် ကုန်တိုက်များသို့ ဖြန့်ချိပေးလျက်ရှိသည်။

သင်ထောက်ကူပစ္စည်းများ

Myanmar Book Centre တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ကလေး စာအုပ်များ၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်း စာအုပ်များ၊ အင်္ဂလိပ်စာသင်ကြားရေး စာအုပ်များ၊ ဝိဇ္ဇာ၊ သိပ္ပံ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ Computer Science, Management, Marketing နှင့် Economics စာအုပ်များ၊ သုတ၊ ရသမျိုးစုံ စာအုပ်များ၊ အဘိဓာန်များ၊ Encyclopedia များနှင့် ဆရာ ဆရာမများအတွက် သင်ထောက်ကူ ပစ္စည်းများ ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် နောက်ဆုံးထွက်စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ပေးနိုင်ရန် ထုတ်ဝေသူများနှင့် တိုက်ရိုက် စာချုပ်ချုပ်ဆို ရောင်းချပေးလျက်ရှိခြင်း ကြောင့် နိုင်ငံတကာရှိ စာအုပ်ဆိုင်ကြီး များထက် ဈေးနှုန်းသက်သာစွာ ရောင်းချ ပေးမည်ဖြစ်သည်။ ယခုအခါ Myanmar Book Centre သည် ထုတ်ဝေသူပေါင်း ၅၀ကျော်ကိုယ်စား တစ်ဦးတည်း ကိုယ်စား လှယ်အဖြစ် တာဝန်ယူဖြန့်ချိပေးလျက် ရှိသည်။

ပိတ်ရက်မရှိ

ယခု အသစ်ဖွင့်လှစ်သည့်Myanmar Book Centre သည် ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ညနေ၆နာရီအထိ ဖွင့်လှစ် မည်ဖြစ်ပြီး ကလေးများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက် မြင့်မားစေရန် ရည်ရွယ်၍၂၀၀၉ခုနှစ် ဇန်နဝါရီလမှစတင် ကာ လစဉ်ပထမပတ်၏ စနေနေ့တိုင်းတွင် ကလေးပညာရေး အကြံပေး ပုဂ္ဂိုလ် Dr. Sjoukje က ကလေးများအား ပုံပြော ပြသည့် အစီအစဉ်ကို ပြုလုပ်ပြီး မိဘ များကိုပါ ပုံပြောနည်းများ သင်ကြားပေး မည်ဖြစ်သည်။

အခမဲ့

ထို့အပြင် လ၏ တတိယပတ်စနေနေ့ တိုင်းတွင် နာမည်ကြီးကလေးကျောင်းဖြစ် သည့် Do Re Mi School က Game and Learning with Fun အစီအစဉ် ဖြင့် ကလေးများပျော်ရွှင်စွာ ဆော့ကစားပြီး တစ်ချိန်တည်းတွင် ပညာသင်ကြားပေး သွားမည်ဖြစ်သည်။ ဝင်ကြေး အခမဲ့ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့်သင်ကြားမည်ဖြစ်သည်။

Myanmar Book Centre ဆိုင် အမှတ်(၁)သည် အမှတ်၅၅ ဗဟိုလမ်း ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံ မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၁၄၇၀၈ ဖြစ်ပြီး ယခု ဖွင့်လှစ် သည့် ဆိုင်အမှတ်(၂)၌ ဖုန်း- ၃၇၀၅၃၂နှင့် ၃၈၄၅၀၈တို့ ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ဗိုလ်လောင်း တပ်ခွဲများ စစ်ဆေး

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှငွေးဝင်း၊တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်မောင်ရှိန်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ငွေးဦး၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်ချုပ်လှထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်မှူးချုပ် သိုးထိန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်ကျော်ညွှန့်၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်ချုပ်လှိုင်မြင့်၊ ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းငွေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်း တပ်ခွဲများက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၁၈၆၆) ဗိုလ်လောင်း စိုးထက်၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ ဗိုလ်လောင်း အမှတ် (၁၇၉၈) ဗိုလ်လောင်းကောင်းကျော်ဆွေနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် (၂၀၆၉) ဗိုလ်လောင်းရဲထွန်းစိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

အားပေးစကားပြေ...

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတေ... ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအားတွေ့ဆုံ၍ အားပေးစ...

မိန့်ခွန်းပြောကြား

ယင်းနောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁၀)မှ ထူးချွန်ဆုရ

ဗိုလ်လောင်း သုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

စစ်ရေးပြ အခမ်းအနား

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

အားပေးစကားပြောကြား

...ကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ...ဗိုလ်လောင်းသုံးဦးနှင့် မိဘများအားတွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

...တာကွယ်
...မှူးကြီး
...ပ်ခွဲများ
...သည်။

...တာကွယ်
...မှူးကြီး
... အခမ်း
...ချာသွား

...ကြား
...စ်ရေးပြ
...ပ်မတော်
...ဗိုလ်ချုပ်
...ပ်မတော်
...င်ဆောင်
...ပ်မတော်
...င်း သင်
...ချွန်ဆုရ

ဗိုလ်လောင်း သုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေး စကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

...က်ပြုစစ်ရေးပြ ...အခမ်းအနား

...သိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) ...စ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူ

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၉ခုနှစ်) ဘာသာရပ်ပေါင်းစုံကျောင်းဆင်းများ အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်စက်မှုတက္ကသိုလ်၌ ၁၉၆၉ခုနှစ်တွင် ဒုတိယနှစ်မှစတင်၍ အတူတကွ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ၂၀၀၉ခုနှစ် ဇန်နဝါရီ၃၀ရက် (သောကြာနေ့)တွင် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်ရာ သက်ဆိုင်သူများအားလုံး အောက်ပါ သူငယ်ချင်းများထံ ဆက်သွယ်နိုင်သည်။

ဘဏ္ဍာရေးမှူး ဦးရွှေ ဖုန်း-၀၉-၈၆-၄၁၀၃၉၊ တာမွေဘဏ်ခွဲမှတစ်ဆင့် အလှူငွေလွှဲနိုင်ပြီး ဒေါ်နော်မူမူအေး ဖုန်း-၀၉-၅၁-၁၇၇၀၃၊ ၆၁၂၆၈၆၊ ဒေါ်သောင်းထွေး ဖုန်း-၀၉-၅၃-၄၀၄၄၅၊ ဦးခင်မောင်တင် ဖုန်း-၅၀၅၅၄၁၊ ၀၉-၅၀-၆၀၅၄၉၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁-၀၄၃၄၄၊ ၆၆၂၄၀၁၊ ဦးဝင်းလွင် ဖုန်း-၀၉-၅၀-၀၂၃၉၉၊ ၅၁၉၂၆၀၊ ဦးသိမ်းဆွေ ဖုန်း-၀၉-၅၀-၁၂၆၃၉၊ ၅၅၄၀၀၂၊ ဦးမျိုးညွန့် ဖုန်း-၀၉-၅၁-၀၆၇၄၆၊ ၆၅၀၂၅၇၊ ဦးလှမြင့်သိန်း ဖုန်း-၅၃၅၅၃၄၊ ၀၉-၅၀-၁၅၈၇၂၊ ဦးကျော်ညွန့် ဖုန်း-၆၆၆၁၃၂၊ ဦးတင်မောင်အေး ဖုန်း-၅၇၃၇၃၉၊ ၀၉-၅၀-၀၈၆၇၅၊ ဦးချစ်တင် ဖုန်း- ၅၈၄၅၄၉၊ ဦးမောင်မောင် ဖုန်း-၅၄၄၆၆၀၊ ဦးရီပင်း ဖုန်း-၂၉၃၆၄၃၊ ၀၉-၉၉-၇၄၀၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၈-၁၂-၂၀၀၈) ရက်နေ့
၂၀၀၉ခုနှစ် ဇန်နဝါရီလအတွက်
(၁၁-၁-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁-၂၀၀၉)ရက်နေ့

MRTV- 4 ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၂-၂၀၀၈ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ တရားဆွေမျိုး လူ့တန်ခိုး တရားတော် [ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ]
၈:၀၅-၂:၀၅ Soccer Update
၈:၂၀-၂:၂၀ နိုင်ငံခြားဝင်ငွေရှာဖွေနေသော လပွတ္တာခရိုင်မှ ရွှံ့ကဏန်းများ
၈:၄၀-၂:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ Shopping Guide (Ladies Heart Fashion)
၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့"
၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀ နည်းပညာသစ်ဆန်း MSP အစွမ်း
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ နီမင်းဆွေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၀:၅၀-၄:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၁၁:၂၅-၅:၂၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၃၀-၅:၃၀ တစ်ပတ်အတွင်းအားကစားသတင်း
၁၁:၄၅-၅:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမောင်ဆုရှင်)
၁၂:၂၀-၆:၂၀ ခေတ်မီလှပစေမည့် Aluminium Composite Panel
၁၂:၃၅-၆:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀ ပိုလီယိုကာကွယ်ရေး အကြောင်း သိကောင်းစရာ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစိုးလွင်ငြိမ်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်သစ် တည်ကြမည်

* တိုင်းကျိုးပြည်ကျိုး၊ ဒို့အကျိုးဟု
သယ်ပိုးစိတ်မှတ်၊ ထမ်းဆောင်အပ်သည်
မြင့်မြတ်နှလုံးသား ကိုယ်စီနှင့်။

* ချမှတ်ပြဋ္ဌာန်း၊ ညီစည်းကမ်းနှင့်
ခြေလှမ်းမပျက်၊ ရှေ့သို့ဆက်မည်
ထက်သန်စိတ်ရင်း ညီစွာနှင့်။

* တည်ကြည်ခိုင်မြဲ စွဲသန္နိဋ္ဌာန်
မှန်ကန်စိတ်ဓာတ်၊ ကြံ့ခိုင်အပ်သည်
ရပ်တည်ခံယူ မှန်စွာနှင့်။

* မပြိုမကွဲ၊ သတ္တိဖွဲ့တူ
မြင့်မြတ်သူများ၊ စိတ်ခွန်အားနှင့်
နိုးကြားထက်သန်၊ သောင်းမျှရံလျက်
နိုင်ငံတော်သစ် တည်ကြမည်။ ။

ရှင်းသန့်ချို

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

နန်းဟိုင်း-ပန်းဖယ် လမ်းအပိုင်း(၂) ကျောက်ချောခင်း

ကလော ဒီဇင်ဘာ ၂၆

ကလောမြို့နယ် နန်းဟိုင်း-ပန်းဖယ်လမ်းအပိုင်း(၂) ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးလျက်ရှိရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ အတီးပြိုင်ပွဲ
၈:၀၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၆။ သံသာချိုအေး မင်္ဂလာတေး
၈:၃၀ ၇။ International News
၈:၄၀ ၈။ **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး ဒါရိုက်တာ -ပန်းချီစိုးမိုး
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
၁၁:၁၅ ၃။ Yan Can Cook
၁၁:၃၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၈)
၁၃:၁၀ ၆။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ (Telematch)
၁၄:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၂:၅၀ ၁။ ၂၀၀၈ ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် ကြည်း၊ ရေ၊ လေ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပထမ အကြိုဗိုလ်လုပွဲ)
၄:၄၅ ၂။ အဆိုပြိုင်ပွဲ
၄:၅၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၀၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၅:၁၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၆။ တေးဂီတအစီအစဉ်
၅:၃၅ ၇။ မြန်မာ့ခလေ့ ရိုးရာလက်ဖွဲ့
၅:၅၀ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅ ၁၂။ ပဋ္ဌလက်ကျောင်းတော်
၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သော မေတ္တာ (အပိုင်း-၅)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၁၉)
၁၈။ အစီအစဉ်ပြီး၏။

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ၂၆ရက် မြန်မာစံတော်ချိန် ၀၂ နာရီ ၅၀မိနစ် ၀၄ စက္ကန့်အချိန် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်အရှေ့ မြောက်ဘက်မိုင် ၅၁၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(တရုတ်-မြန်မာနယ်စပ်အနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မိုးရာသီ ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်း၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ချေးငွေများ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီခွဲက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဘဏ်ခွဲ အစည်းအဝေး ခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း တက်ရောက်၍ ယခုဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် ဘဏ်ခွဲအသီးသီးမှ ထုတ်ချေးခဲ့သည့် ၂၀၀၈ မိုးရာသီ ဘဏ်ချေးငွေကျပ် ၇၃၅၀ ဒသမ ၀၈ သန်းကို လက်ရှိသီးနှံပေါ်ချိန်မှ စတင်ကောက်ခံ၍ သတ်မှတ်ရက်တွင် ရာခိုင်နှုန်းပြည့် ပြေကျေရေး၊ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများ အမြန် ပြေကျေရေး၊ဘဏ်ခွဲအလိုက် လျာထားဝင်ငွေရရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)

တင်ပြဆွေးနွေး

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မန္တလေးတိုင်း ချေးငွေကြီးကြပ်တာဝန်ခံ ဒုတိယ အထွေထွေမန်နေဂျာ ဦးဝင်းဟန်၊ မန္တလေးတိုင်း မန်နေဂျာ ဒေါ်ခင်ပြုံးရည်နှင့် ခရိုင်၊ မြို့နယ် မန်နေဂျာများ တက်ရောက်ကြပြီး မြို့နယ်အလိုက် သတ်မှတ်ရက်အတွင်းပြေကျေရေးအတွက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

(လယ်ယာဖွံ့ဖြိုးရေးဘဏ်)

မွေးမြူစိုက်ပျိုး စီးပွားတိုး(၃)

ကျော်ရဲမင်း

ကျော် ။ ။ လူတိုင်းသိသလိုလိုနဲ့ မသိသေးတာတွေ ရှိသေးတယ်ဗျ၊ မောင်တိုးပြောသလို ငါးကိုဖော်စားရုံနဲ့ ဇာတ်လမ်းကမဆုံးသေးဘူး။ သူတို့က ငါးတွေကစွန့်ပစ်ပစ္စည်းကိုပါ ပြန်ပြီးအသုံးချသေးတယ်။ ငါးတွေရဲ့စွန့်ပစ်ပစ္စည်းတွေဟာ အခြားမွေးမြူရေး တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနည်းတူ ဓာတုပစ္စည်း ပါဝင်မှုတူညီတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းမှာ ဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်တယ်လို့ဆိုတယ်။ အသုံးပြုပုံကတော့ ငါးချေးတွေဟာ ရေထဲမှာပျော်ဝင်သွားဖြစ်တဲ့အတွက် အဲဒီရေဟာ အာဟာရဓာတ်သိပ်ကိုကြွယ်ဝနေတယ်လေ။ အဲဒီရေနဲ့ ခြောက်သွေ့တဲ့ရာသီမှာ စိုက်ခင်းတွေကို လောင်းပေးခြင်းအားဖြင့် စိုက်ခင်းတွေပိုပြီး ကောင်းလာစေတယ်ဆိုပဲ။

အေး ။ ။ တယ်လဲအကွက်စေ့ပါလားကွာ။



Integrated Farming စနစ်လည်ပတ်မှုပုံစံ

(က) နွားချေးအသုံးချပုံ ။ နွားချေးအချို့ကို ဘိုင်အိုဂက်စ်ယူနစ်အတွင်းသို့ ပို့ပေးသည်။ ၎င်းမှ ထွက်ရှိလာသော မီသိန်းဓာတ်ငွေ့ကို ထမင်း၊ ဟင်း ချက်ပြုတ်ရန်အတွက် အသုံးပြုသည်။ ကျန်နွားချေးများကို တီကောင်မွေးမြူရေးနှင့် စိုက်ပျိုးရေးတို့အတွက် အသုံးပြုသည်။

(ခ) တီကောင်များအသုံးချပုံ ။ တီကောင်မှရရှိသော မြေဆွေးကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။ ၎င်းအပြင် ကြက်စာ၊ ဘဲစာအဖြစ် ကျွေးမွေးသည်။ ၎င်းအပြင် ငါးစာအဖြစ်လည်း အသုံးချသည်။

(ဂ) ကောက်ရိုးအသုံးချပုံ ။ မီးရှို့ပစ်မည့်အစား၊ အလဟဿဖြစ်စေမည့်အစား ဈေးကောင်းရသော မှိုစိုက်ပျိုးထုတ်လုပ်ရေးအတွက် အသုံးပြုသည်။ ကောက်ရိုးကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ ကောက်ရိုး မြေဆွေးအဖြစ်လည်းကောင်း အသုံးပြုသည်။

(ဃ) ငါးမွေးမြူရေး(တီလားပီးယား) ။ ရေထဲသို့ကျလာသော အစာများ၊ ဆိတ်ချေးများကို အစာအဖြစ် စားသောက်သည်။ ငါးမှစွန့်ပစ်သော ငါးချေးသည် ရေကို အာဟာရဓာတ် ပိုမိုကြွယ်ဝစေသည်။ ၎င်းရေကို မွေးမြူရေးအစာများ စိုက်ပျိုးရာ၌ အသုံးပြုသည်။ အာဟာရဓာတ်ပါရှိသော ၎င်းရေကို နွေရာသီ၌ ဥယျာဉ်များအတွက် လောင်းသောရေအဖြစ် အသုံးပြုသည်။

— — — — — — —

ကျော် ။ ။ ဒါတင်ဘယ်ကဦးမလဲဗျာ။ အဲဒီ ငါးစွန့်ပစ်ပစ္စည်းတွေဟာ ရေကန်ထဲမှာရှိတဲ့သစ်ပင်တွေကို ကောင်းစွာရှင်သန်ကြီးထွားစေနိုင်တဲ့အတွက် သူတို့ဆီမှာ Water Spinach (...)ဆိုတဲ့ အပင်တွေကိုရေထဲမှာ စိုက်ထားကြတယ်ဆိုပဲ။ ဒီအပင်တွေကို သူတို့က စွပ်ပြုတ်လုပ်ပြီး စားလေ့ရှိကြသတဲ့။ ဒါ့အပြင် ယုန်မွေးမြူရေးအတွက် ယုန်စာအဖြစ်လည်းသုံးကြတယ်။ ပြောရရင် ယုန်က ထွက်လာတဲ့စွန့်ပစ်ပစ္စည်းဟာလည်း တစ်ဝက်တစ်ပျက် ချေဖျက်ထားတာဖြစ်လို့ မြေဩဇာအဖြစ် ကောင်းကောင်းကြီး အသုံးပြုနိုင်တယ်လို့ သိရတယ်။

သာ ။ ။ မှတ်သားလောက်ပါပေရဲ့ဗျာ။ နောက်ဘာတွေများ နိုက်နိုက်ချွတ်ချွတ် လုပ်ကြဦးမှာလဲ၊ ဆက်ပါဦး ကိုကြီးကျော်ရေ။

ကျော် ။ ။ နိုက်နိုက်ချွတ်ချွတ်ရယ်တော့မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် သူတို့ဆီမှာ လုပ်လို့ရတာအကုန်လုပ်ကြရတဲ့ အနေအထားမျိုးလို့ ဆိုရမှာပါပဲ။ ပြောရရင် စပါးရိတ်သိမ်းပြီးလို့ ရလာတဲ့ကောက်ရိုးကိုတောင် အလကားမထားဘဲ မှိုစိုက်ပျိုးထုတ်လုပ်မှုတွေ လုပ်ကြတယ်ဆိုပဲ။ ကောက်ရိုးမှာပါတဲ့ Lignin သို့မဟုတ် Cellulose တွေကို တိရစ္ဆာန်တွေက ကြေညက်အောင်ချေဖျက်နိုင်ခြင်းမရှိကြဘူးလို့ ဆိုတယ်။ ဒါပေမယ့် **ကောက်ရိုးမှိုလို မှိုအမျိုးအစားတွေကတော့ ကောက်ရိုးမှာပါတဲ့ အဲဒီ Lignin ဓာတ်ကို ချေဖျက်ပြီး ပိုမိုအာဟာရဓာတ်ကြွယ်ဝအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် အထူးကောင်းမွန်တဲ့ မြေဩဇာကိုရရှိနိုင်တယ်။ တစ်ဖက်မှာလည်း ကောက်ရိုးကိုအသုံးပြုပြီး မှိုစိုက်ပျိုးထုတ်လုပ်တဲ့အတွက် မိသားစုစားသုံးနိုင်သလို ရောင်းချခြင်းဖြင့် ဝင်ငွေလည်းရရှိနိုင်တယ်။ ကောက်ရိုးကို နှစ်ကြိမ်တိုင်တိုင် မှိုစိုက်ပြီးမှ မြေဩဇာအဖြစ်သုံးတယ်။** ပြောရရင် ကောက်ရိုးရဲ့အသုံးဝင်မှုဟာ နောက်ဆုံးမြေဩဇာအဆင့်အထိ မရောက်မီ မှိုနှစ်ကြိမ်စိုက်ပျိုးပြီး ထိထိရောက်ရောက်အသုံးချနိုင်ခဲ့တာကို တွေ့ရမှာဖြစ်တယ်။

အေး ။ ။ ဟုတ်ပါရဲ့ဗျာ။ ဒို့လည်း ကောက်ရိုးပုံကြီးတွေကြားမှာ သွားလာလှုပ်ရှားစားသောက်နေပေမယ့် ကောက်ရိုးကို ဒီလောက်အထိ အကျိုးရှိအောင် မသုံးဖြစ်ခဲ့သေးတာအမှန်ပဲဟေ့။

တိုး ။ ။ အားမနာတမ်း ကိုယ့်ကိုယ်ကိုဝေဖန်ရရင် ကောက်ရိုးမှသာမဟုတ်ပါဘူးဗျာ။ ဘာကိုမှ ထိထိရောက်ရောက် မခြွင်းမချန် အသုံးမပြုနိုင်ခဲ့သေးတာ ဝန်ခံရမှာပါပဲ။ ကျွန်တော်တို့ဆီမှာတော့ စိုက်စရာ၊ ပျိုးစရာ မြေကလည်းပေါ၊ ရေကလည်းအလျှံအပယ်၊ စားနပ်ရိက္ခာကလည်း အပြည့်ဆိုတော့ ဒီလောက်အထိ စေ့စေ့စပ်စပ် မခြွင်းမချန်သုံးပြီး စီးပွားတိုးတက်အောင်လုပ်ဖို့ မေ့လျော့နေကြတာ မဆန်းလှပါဘူး။ တကယ်တော့ ကျွန်တော်တို့လည်း တကယ်လုပ်မယ်ဆိုရင် Integrated Farming ကို မလုပ်နိုင်စရာဘာရှိမလဲဗျာ။

သာ ။ ။ မှန်တာပေါ့ဗျာ၊ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမှာပေါ့။

ကျော် ။ ။ **တကယ်လုပ်မယ့်သူတွေအတွက် Integrated Farming သံသရာလည်ပတ်မှုလေးကိုလည်း သိစေချင်သေးတယ်။ နံပါတ်(၁) နွားချေးကိုပဲကြည့်ရအောင်၊ နွားချေးအချို့ကို (Biogas Unit) ဆီကိုပို့ပြီး ထွက်လာတဲ့မီသိန်းဓာတ်ငွေ့နဲ့ ထမင်းဟင်းချက်ဖို့ သုံးတယ်။ ကျန်တဲ့နွားချေးကို တီကောင်မွေးမြူရေးနဲ့ စိုက်ပျိုးရေးအတွက်သုံးတယ်။ နံပါတ်(၂) တီကောင်ကိုတော့ ကြက်စာ၊ ဘဲစာအဖြစ်ကျွေးတယ်။ ငါးစာအဖြစ်လည်းသုံးတယ်။ တီကောင်ကရတဲ့မြေဆွေးကို စိုက်ပျိုးရေးအတွက်သုံးတယ်။ နံပါတ်(၃) ကောက်ရိုးကို ကြည့်မယ်ဆိုရင်လည်း အလဟဿအဖြစ်ခံမယ့်အစား ဈေးကောင်းရတဲ့ မှိုစိုက်ပျိုးထုတ်လုပ်ရေးအတွက်သုံးတယ်။ တိရစ္ဆာန်အစာအဖြစ်လည်းသုံးတယ်။ မှိုနှစ်ကြိမ်စိုက်ပြီးတဲ့အခါ ကောက်ရိုးမြေဆွေးအဖြစ်သုံးတယ်။ နံပါတ်(၄)ဖြစ်တဲ့ တီလားပီးယားငါးမွေးမြူရေးကို ကြည့်လိုက်ပြန်တော့ ဒီငါးတွေဟာ ရေထဲကိုကျလာတဲ့ အစာတွေ၊ ဆိတ်ချေးတွေကိုစားတယ်။ ငါးက စွန့်ပစ်တဲ့ ငါးချေးဟာ ရေကိုအာဟာရဓာတ် ပိုမိုကြွယ်ဝစေတဲ့အတွက် စိုက်ပျိုးရေးမှာသုံးတယ်။ အဲဒီတော့ တစ်ခုချင်းစီရဲ့ လည်ပတ်မှုစနစ်တိုင်းမှာ ဘာအလေအလွင့်ပစ္စည်းမှ မရှိတာကို ထူးထူးခြားခြား တွေ့ရမှာဖြစ်တယ်။ သိပ်ကိုအကျိုးစီးပွားဖြစ်ထွန်းစေတဲ့ စနစ်ပါပဲ။**

သာ ။ ။ ကိုကြီးကျော်ပြောသလိုပဲ ဘာအလေအလွင့်မှုကိုမရှိအောင် စနစ်တကျသုံးသွားတာပဲနော်။

ကျော် ။ ။ အလေအလွင့်မရှိအောင် စနစ်တကျလုပ်နိုင်တာကတော့ တကယ့်ကိုအတုယူလောက်တယ် ကိုသာယာရေ။ **အိမ်တိုင်းလိုလိုမှာ စွန့်ပစ်တဲ့အသီးအရွက်တွေ၊ စွန့်ပစ်သစ်သီးဝလံတွေ၊ လယ်ကွင်း၊ စိုက်ခင်းတွေက ထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေကိုတောင် မြေကျင်းတို့၊ လှောင်ကန်တို့ထဲမှာ စုစည်းပြီး လှောင်ထားကြသတဲ့။ အဲဒီလိုစုစည်းမှုကြောင့် အော်ဂဲနစ်ဓာတ်ပြုမှုတွေဖြစ်ပြီး တီကျစ်စာ၊ ကောက်ရိုးဆွေးတို့လိုပဲ အဖိုးတန်တဲ့ သဘာဝမြေဩဇာတွေအဖြစ် ပြောင်းလဲအသုံးချကြတယ်လို့ သိရတယ်။ စနစ်တကျသုံးတတ်တော့လည်း စွန့်ပစ်ပစ္စည်းတောင် အကျိုးရှိတဲ့ သွင်းအားစုတစ်ခုအဖြစ် ပြောင်းလဲသွားစေနိုင်တာပေါ့ကွာ။**

အေး ။ ။ ဒါနဲ့ စကားမစပ် ဗီယက်နမ်မှာ အဲဒီစနစ်နဲ့ပတ်သက်ပြီး ဘယ်လောက်အထိ တိုးတက်ပြောင်းလဲမှုရှိလာသလဲဆိုတာကိုရော ပြောပြပေးပါဦးဗျာ။

ကျော် ။ ။ ဗီယက်နမ်နိုင်ငံမှာ ဒီစနစ်ကို စတင်စမ်းသပ်ခဲ့ပြီးနောက်ပိုင်း ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို ပညာရှင်တွေက လေ့လာမှုတွေ ပြုလုပ်ခဲ့တယ်ဆိုပဲဗျ။ ၂၀၀၂ ဒီဇင်ဘာလမှာ အိမ်ထောင်စု ၉၀၊ ၂၀၀၄ ဒီဇင်ဘာလမှာ အိမ်ထောင်စု ၈၀ကို Integrated Farming စနစ်ဆောင်ရွက်မှုကြောင့် ဘယ်လိုတိုးတက်ပြောင်းလဲလာခဲ့သလဲဆိုတာကို လေ့လာစေခဲ့တယ်။ ဒီစနစ်ဟာ ကျေးလက် ပြည်သူတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီး တိုးတက်မှုတွေလည်း တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ အရင်က စပါးစိုက်ပျိုးရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့တဲ့ မဲခေါင်မြစ်ဝှမ်းဒေသမှာ Integrated Farming စနစ်ကို အကြီးအကျယ် ပြောင်းလဲဆောင်ရွက်နေကြပြီ။ ဒါကြောင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး ဒွန်တွဲဖော်ဆောင်ပြီး လယ်သမားများအနေနဲ့ ဘက်ပေါင်းစုံက ဝင်ငွေအကျိုးအမြတ်တွေ ရခဲ့ပါတယ်။ ဒါပေမယ့် နည်းပညာဆိုင်ရာပံ့ပိုးပေးနိုင်မှုနဲ့ ချေးငွေထောက်ပံ့ပေးနိုင်မှုဟာ ဒေသတစ်ခုနဲ့ တစ်ခု မတူညီတဲ့အတွက် ထိရောက်အောင်မြင်မှုလည်း အမျိုးမျိုးကွဲပြားနေသေးတယ်လို့ ကြားရတာပါပဲ။ ဘာပဲဖြစ်ဖြစ် Integrated Farming စနစ်ဆောင်ရွက်မှုကြောင့် တောင်သူလယ်သမားတွေရဲ့ ဝင်ငွေရရှိမှု၊ လူနေမှုအဆင့်အတန်းနဲ့ ပညာရေးစနစ်တွေ တိုးတက်မြင့်မားလာတယ်လို့ ဆိုကြပါတယ်။ အခုတော့ လယ်သမားတွေကိုသာမက ကလေးသူငယ်တွေကိုပါ Integrated Farming ကို အကျွမ်းတဝင်ဖြစ်ပြီး အလေ့အထတစ်ခုလို စွဲမြဲနေအောင် လေ့ကျင့်ပညာပေးမှုတွေ လုပ်နေပြီဗျ။ Can Tho City ဆိုတဲ့ မြို့ရဲ့အပြင်ဘက် ၅မိုင်ခန့်အကွာမှာရှိတဲ့ Social Protection Institute ဆိုတဲ့ သင်တန်းကျောင်းလေးမှာ Heifer Vietnam ရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျေးလက်ပြည်သူများရဲ့ ရင်သွေးဖြစ်တဲ့ ကလေးသူငယ်တွေကို Integrated Farming စနစ်နဲ့ အကျွမ်းတဝင်ဖြစ်အောင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

လေ့ကျင့်ပျိုးထောင်ပေးနေတယ်ဆိုပဲ။ အဲဒီသင်တန်းကျောင်းဟာ သူတို့နိုင်ငံမှာရှိတဲ့ အိုးမဲ့အိမ်မဲ့ ကလေးသူငယ်တွေ၊ AIDS ကြောင့် မိဘမဲ့ဖြစ်ရတဲ့ ကလေးသူငယ်တွေ၊ ကလေးအလုပ်သမားတွေ၊ အဓမ္မပြုကျင့်ခံရတဲ့ ကလေးသူငယ်တွေ၊ မူးယစ်ဆေးဝါးစွဲနေတဲ့ လူငယ်တွေကို ခေါ်ယူလက်ခံထားပြီး အခြေခံပညာရေးကို သင်ကြားလေ့ကျင့်ပေးတဲ့ ကျောင်းတစ်ကျောင်းပါပဲ။ အခြေခံပညာအပြင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာသင်တန်းတွေ တီဗွီနဲ့ မော်တာစက်အငယ်စားများ ပြုပြင်တဲ့ သင်တန်းတွေကိုလည်း သင်ကြားပေးတယ်လို့ဆိုတယ်။

အဲဒီသင်တန်းကျောင်းမှာ စိုက်ပျိုးရေး၊ ငါးမွေးမြူရေးနဲ့ ဆိတ်မွေးမြူရေးတို့ကို ပေါင်းစည်းဆောင်ရွက်ထားတဲ့ Integrated Farming စနစ်တစ်ခု ထူထောင်ဆောင်ရွက်ထားတယ်လို့ဆိုတယ်။ သင်တန်းကျောင်းမှာရှိတဲ့ လူငယ်များဟာ ငါးကန်၊ ဆိတ်ခြံ၊ စိုက်ပျိုးရေး ပေါင်းစည်းထားတဲ့ အသေးစား Integrated Farming စနစ်ကို လက်တွေ့ဆောင်ရွက်ကြရပြီး အကျိုးအမြတ်ရှိတယ်ဆိုတာကို နားလည် ယုံကြည်လက်ခံလာအောင် လေ့ကျင့်စည်းရုံး သင်ကြားပေးကြတယ်။ ကလေးတွေကလည်း ဒီစနစ်အပေါ် လုပ်ရင်လုပ်သလောက် အကျိုးခံစားရမှန်းသိတော့ အောင်မြင်တယ်လို့ ဆိုရမှာပေါ့။

အေး ။ ။ အင်း…ကောင်းပါလေ့ဗျာ။ ဘာပဲဖြစ်ဖြစ် လုပ်ရင်တော့ လုပ်သလောက် အကျိုးခံစားရမှာပေါ့ကွာ။ ဒို့လယ်သမားတွေ လူမှုစီးပွားဘဝမြင့်မားစေဖို့အတွက် အတုယူသင့်တဲ့စနစ်ပါပဲ။

တိုး ။ ။ မှန်တာပေါ့ ဦးကြီးအေးရယ်၊ သူတို့တောင်လုပ်နိုင်ကြသေးရင် ကျွန်တော်တို့လည်း မလုပ်နိုင်စရာဘာရှိမှာလဲ။

သာ ။ ။ ကျွန်တော်တို့ဆီမှာလည်း စိုက်တာရော မွေးတာပါ တွဲဖက်ပြီး လုပ်နေကြတာပါပဲ။ ဒါပေမယ့် ဒီ Integrated Farming စနစ်လို ဘက်ပေါင်းစုံက ပေါင်းစည်းချိတ်ဆက်ပြီး လုပ်နိုင်တာမျိုးတော့ မဟုတ်သေးဘူးပေါ့။ ဒီလိုသာ စနစ်တကျနဲ့ ဘက်ပေါင်းစုံက ပေါင်းစည်းချိတ်ဆက်ပြီး လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့လယ်သမားတွေ မွေးမြူစိုက်ပျိုး စီးပွားတိုးမှာ အမှန်ပဲမဟုတ်လားဗျာ။

ကျော် ။ ။ မှန်တာပေါ့ ကိုသာယာရေ၊ ကျွန်တော်တို့လည်း **Integrated Farming ကို စနစ်တကျသာ အားစိုက်ခွန်စိုက်ဆောင်ရွက်နိုင်မယ်ဆိုရင် မွေးမြူစိုက်ပျိုး စီးပွားတိုးပြီး အကျိုးဖြစ်ထွန်းမှာ အသေအချာပါပဲဗျာ။**

ကျွန်တော်တို့စကားဝိုင်းကလေးကတော့ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ။ စားနပ်ရိက္ခာထုတ်လုပ်မှု အကျိုးအမြတ်ရရှိမှု၊ လုံခြုံဘေးကင်းမှု၊ တိရစ္ဆာန်များဖူလုံမှု၊ လူမှုဖူလုံရေးဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုတဲ့ ဖွင့်ဆိုချက်တွေနဲ့ အဓိပ္ပာယ်ပြည့်ဝလှတဲ့ Integrated Farming အကြောင်းကို သူတို့အားလုံး စိတ်ဝင်တစားနဲ့ ငြိမ်သက်နေကြပါတယ်။ ငြိမ်နေတဲ့ ကိုယ်စီရဲ့အတွေးတွေထဲမှာ အနာဂတ်အတွက် မျှော်လင့်ချက်အသစ်တွေ၊ အားမာန်တွေ နိုးကြားထက်သန်နေမှာ အမှန်ပါပဲ။

ရွာကလေးက မိတ်ဆွေများအပါအဝင် တစ်နိုင်ငံလုံးက လယ်သမားဦးကြီးများအားလုံး မွေးမြူစိုက်ပျိုး စီးပွားတိုးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

လားရှိုးမြို့နယ်အတွင်းရှိ ရပ်ကွက်များ သောက်သုံးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်

လားရှိုး ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဒီဇင်ဘာ ၁၇ရက် နံနက်၁၀နာရီက လားရှိုးမြို့နယ် နမ့်ခိုက်ကျေးရွာအနီး လားရှိုးမြို့နယ်အတွင်းရှိရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော နမ့်ခိုက်သဘာဝရေထွက်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က နမ့်ခိုက် ရေထွက်မှတစ်ဆင့် လားရှိုးမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရေပိုက်သွယ်တန်းထားမှု အခြေအနေများနှင့် ရေစုကန်တည်ဆောက်နေမှု အခြေအနေများအား ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းမှူးက မှာကြားခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် နမ့်ခိုက်ရေထွက်မှတစ်ဆင့် လားရှိုးမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ရေပေးဝေနိုင်ရေးအတွက် ရေပိုက်သွယ်တန်းနေမှု၊ ရေရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

မိုး

အစဉ် သတိပြု

မတ္တရာအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

မတ္တရာ အထကတွင် ပညာသင်ကြားခဲ့ကြသည့် အငြိမ်းစားယူသွားခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် မတ္တရာ အထက အောင်ဆန်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်းများလှူဒါန်းလိုပါက ဦးကျော်ဇော် တရားရုံးချုပ်ရှေ့နေ ဖုန်း-၀၂-၇၉၀၅၃၊ ဒေါက်တာသိန်းလွင် မြို့သစ်ရပ် မတ္တရာမြို့ ဖုန်း-၀၂-၇၉၀၇၁၊ ဒေါ်ခင်မြင့် အထက်တန်းပြဆရာမ မတ္တရာအထက ဖုန်း-၀၂-၇၉၄၈၁၊ ဦးထွန်းမြိုင် (မန္တလေး) ဖုန်း-၀၂-၃၃၉၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

TMW Enterprise Ltd. ၏ နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်ကို လာရောက်ဝယ်ယူအားပေးသူများပြားသဖြင့် အချိန်တိုးမြှင့်ဖွင့်လှစ်ပေးထား

သတင်းမြင်ကွင်း -မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-ဝေလင်း(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ

ရန်ကုန် ဒီဇင်ဘာ ၂၆

TMW Enterprise Ltd. က ကြီးမှူးကျင်းပသော နှစ်သစ်ကူး အထူးဈေးရောင်း ပွဲတော်ကို ဒီဇင်ဘာ၂၄ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် မဟာစည်သာသနာ့ရိပ်သာလမ်းထောင့် အမှတ် ၅၆ရှိ TMW Complex ၌ ဆက်လက်ကျင်းပလျက်ရှိရာ လာရောက်ဝယ်ယူသူများဖြင့် အထူးစည်ကား များပြားလျက်ရှိပြီး ထောင်နှင့်ချီသော အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးလျက်ရှိကြောင်း ကြားသိရသည်။

ဝယ်ယူသူများပြား

သို့ဖြစ်၍ မိမိတို့ သတင်းအဖွဲ့ ဒုတိယမွှိ သွားရောက် လေ့လာခဲ့ကြရာ TMW Enterprise Ltd.မှ ဒေါ်စပယ်တင်နှင့် ဒေါ်လွင်လွင်မြတို့က “နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်ကို လာရောက်ဝယ်ယူအားပေးကြတဲ့ ပရိသတ်တွေများပြားလွန်းတဲ့အတွက် မူလနံနက် ၁၀ နာရီမှ ညနေ၅နာရီအစား နံနက်၉နာရီမှ ညနေ၆နာရီခွဲအထိ အချိန်တိုးမြှင့် သတ်မှတ်ဖွင့်လှစ်ပေးထားပါတယ်။ Sony၊ LG၊ T-Home LCD TV ၃၂လက်မနဲ့ လက်မ၄၀တွေအများဆုံး ရောင်းချရပြီး၁၉လက်မ၊လက်မ၂၀၊ ၄၆လက်မနဲ့၅၂လက်မ LCD TVတွေ၊ Brand အစုံDVD တွေကိုလည်း ဝယ်ယူသူများပြားပါတယ်။

ဒါ့အပြင် ယခုဈေးပွဲတော်ကာလသုံးရက်အတွင်းမှာ အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Sony Ericsson Hand-Setတွေ၊ ခရီးသွားရာသီဖြစ်တဲ့အတွက် Sony Digital Camera နဲ့ VAIO Laptop အများဆုံးရောင်းချရပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

မိမိတို့သတင်းအဖွဲ့သည် ရောက်တုန်းရောက်ခိုက် ဈေးရောင်းပွဲတော်အတွင်း အချိန်ရခိုက် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြရာ ကမ္ဘာ့ပထမဦးဆုံး နည်းပညာဖြစ်သည့် 200 Hz Motion Flow Function အထူးထည့်သွင်းထားပြီး အရောင်သုံးရောင်ပါဝင်သော အနိမ့်ဆုံးလက်မ ၄၀၊ ၄၆လက်မနှင့် ၅၂လက်မ TV Series များကိုလည်း တွေ့မြင်ခဲ့ရသည်။ ထူးခြားချက်ကား လျင်မြန်သော အရာဝတ္ထု၏ ရွေ့လျားမှုများ (ဘောလုံး၊ ဂေါက်သီးတို့၏ ရွေ့လျားမှုစသည်)ကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ထင်ရှားကျော်ကြားသည့် INAX အမှတ်တံဆိပ်ကြွေပြား၊ ကျောက်ပြား၊ အိမ်သာအိုးနှင့် ရေချိုးခန်းသုံး ပစ္စည်းများကိုလည်း ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များအပါအဝင် ဈေးရောင်းပွဲတော်လာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက် ဝယ်ယူကြကြောင်း တွေ့မြင်ခဲ့ရသည်။

ဝယ်ယူအားပေး

ထို့အတူ ဈေးရောင်းပွဲတော်လာပြည်သူများ ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စွာ ဝယ်ယူအားပေးနိုင်ရေးအတွက် ပစ္စည်းအမျိုးအစားအလိုက် ရာခိုင်နှုန်းများ လျှော့ချထားသည်ကို သိရှိနိုင်ရန် Sinage board ဖြင့် ဖော်ပြပေးထားသည်ကိုလည်း တွေ့ခဲ့ရသည်။

မိမိတို့ သတင်းအဖွဲ့များ ပြန်လည်ထွက်ခွာလာသည့် ညနေချမ်းအချိန်အခါအထိ လာရောက်ကြည့်ရှုဝယ်ယူသူများက တိုးမပေါက်အောင် စည်ကားဆဲ ရှိနေသည်ကို ဒုတိယအကြိမ်သတင်းမြင်ကွင်းအဖြစ်ထပ်မံရေးသား တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

လာရောက်ဝယ်ယူ

INAX အမှတ်တံဆိပ် ကြွေပြား၊ ကျောက်ပြား၊ အိမ်သာအိုးနှင့် ရေချိုးခန်းသုံး ပစ္စည်းများကိုလည်း စိတ်ပါဝင်စားစွာ လာရောက်ဝယ်ယူကြသည်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

စည်ကား

TMW Enterprise Ltd. ၏ နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူ အားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နေ ဦးမောင်ထွန်းဝင်း-ဒေါ်စိန်သာမြတို့၏သား

မောင်တေဇာထွန်း

B.E(Marine Engineering)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

နှင့်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ ဦးသာထွန်း-ဒေါ်ခင်ဌေးဝင်းတို့၏သမီး၊ မောင်ရဲဝင်းလှိုင်(Tourism Management Institute of Singapore)၏ညီမ၊ မောင်တေဇာလင်း၏အစ်မ

မခင်ခင်ထွန်း

(2 nd Year, CNC)

စစ်တွေနည်းပညာတက္ကသိုလ်

တို့သည် ၂၄-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျောက်တံတားမြို့နယ် တရားရုံး၌ နှစ်ဖက်မိဘလူကြီးစုံရာရှေ့မှောက်တွင် တရားဝင်လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တေဇာထွန်း-မခင်ခင်ထွန်း။

ဇနီးအဖြစ် မသက်ဆိုင်ကြောင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်နန်ဂရောင် ၁၃/ကခန (နိုင်)၀၀၃၆၄၃ သည် ခင်ပွန်းသည်၏ ဂုဏ်သိက္ခာကိုကျဆင်းအောင်ပြုလုပ်ခြင်း၊ ခင်ပွန်းသည်မသိဘဲ အိမ်ရှိပစ္စည်းများကိုယူ၍ မိမိသဘောအလျောက် ၂၉-၁၀-၂၀၀၈ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးတင်မောင်ကြူ ၇/ပခန(နိုင်)၀၇၃၉၂၀ လားရှိုးမြို့၊ ပြည်သူ့ဆေးရုံကြီး။**

မ

ဒီနှစ်ဆောင်းက အရမ်းအေးတယ်နော်
စောင်ခြုံလို့လည်း မလုံ
ပုလင်းထွေးလို့လည်း မနွေး
ညည တစ်ယောက်တည်း
ကိုယ့်ဆီကို ပြန်လာခဲ့ပါတော့နော်
မင်းလိုချင်တဲ့ Jasmine Phyu က နားကပ်လေး
ကိုယ်ဝယ်ပေးပါ့မယ်
ဆောင်းအမီ မောင့်ဆီ
ရောက်အောင် ပြန်ခဲ့နော် …။

အမှတ် ၅၆/အေ၊ ကမ္ဘာအေးဘုရားလမ်း။
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း-၉၅-၁-၆၆၁၇၆၂။

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့၌ သာယာနေ

ရန်ကုန် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၇ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုကိုခန့်မှန်းရပါက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၇ရက် **(ယနေ့)**နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၆ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မန်ယူတို့ နောက်ကျဂိုးဖြင့် စတုတ်ကိုနိုင်ပွဲရ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ သုံးမှတ်ယူနိုင်

လန်ဒန် ဒီဇင်ဘာ ၂၆

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကို ဘောက်ဆင်ဒေးအဖြစ် ဒီဇင်ဘာ ၂၆ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူက အဝေးကွင်း၌ နောက်ကျဂိုးဖြင့် စတုတ်ကို အနိုင်ရပြီး အဖိုးတန် သုံးမှတ်ရယူနိုင်ခဲ့သလို ချယ်လ်ဆီး တို့ကလည်း အိမ်ကွင်း၌ အမှတ်ပြည့်ယူနိုင်ခဲ့သည်။

စတုတ်နှင့် မန်ယူ

အဝေးကွင်းဖြစ်သော်လည်း မန်ယူတို့ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သည်။ မန်ယူ တိုက်စစ်မှူးများဖြစ်သော တီဗက်ဇ်နှင့် ရွန်နေ၊ တောင်ပံနှစ်ဖက်မှ စီရိုနယ်ဒိုနှင့် ဂစ်တို့က စတုတ်နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသွင်းခွင့်အကြိမ်ကြိမ်ရရှိအောင် ကြိုးစားခဲ့သော်လည်း အပိုင်ကန်သွင်းခွင့် ငါးကြိမ်သာရရှိခဲ့သည်။ ပွဲချိန် ၁၂မိနစ်တွင် တီဗက်ဇ်၏ကန်သွင်းချက်၊ ၃၉မိနစ်၌ ရွန်နေ၏ကန်သွင်းချက်များ ဂိုးဘားပေါ်ကပ်ကျော်ခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း မန်ယူတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

စတုတ်တို့ကလည်း ခံစစ်အားပြု တန်ပြန်တိုက်စစ်ကို အသုံးပြုကစားခဲ့ရာ ဂိုးသွင်းခွင့်ရှစ်ကြိမ်ရရှိပြီးအပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း စတုတ်တိုက်စစ်မှူး ဘရက်စ်ဝဲလ်နှင့် ဖူလ်လာတို့ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့ချေ။ မန်ယူက ဒုတိယပိုင်း ၆၄ မိနစ်တွင် အိုရှေးအစား ဘာဘာတော့ဗ်ကိုထည့်သွင်းပြီး တိုက်စစ်အရှိန်မြှင့်ခဲ့သည်။ ၇၂ မိနစ်၌ စတုတ်ညာနောက်ခံလူ ဝီကင်ဆင် ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံရသည်။

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၃ မိနစ်၌ ဘာဘာတော့ဗ် ပေးလိုက်သည့်ဘောလုံးကို တီဗက်ဇ်က ညာခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ အဝေးကွင်း၌ သုံးမှတ်ပိုက်ပြီး အိမ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

စတုတ်နှင့်မန်ယူတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ် ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်း

ဒရော့ဘာ၊ အနယ်လ်ကာနှင့် ဂျိုကိုးလ်တို့ကို တိုက်စစ်တွင်ထားရှိကစားစေခဲ့သော ချယ်လ်ဆီးသည် ဝက်စ်ဘရွန်းကို အိမ်ကွင်း၌ ဖိကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲအစ သုံးမိနစ်၌ပင် ဂျိုကိုးလ် ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဒရော့ဘာက ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဘရွန်းတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ချယ်လ်ဆီးနောက်တန်း ကို ထိထိရောက်ရောက်မထိုးဖောက်နိုင် ဘဲရှိနေရာ ၄၅ မိနစ်၌ ဝက်စ်ဘရွန်းဂိုးဧရိယာ အတွင်းမှ လမ်းပတ်က ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ပထမပိုင်း၌ ချယ်လ်ဆီးတို့ နှစ်ဂိုးပြတ်နှင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်း ၆၇မိနစ်၌ ဒရော့ဘာအစား မာလူဒါဖြင့် အစားထိုးကစားစေခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုးဖြင့်သာ ကျေနပ်ပြီး အိမ်ကွင်း၌ သုံးမှတ်အပြည့်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးနှင့် ဘော်လ်တန်

အိမ်ကွင်း၌ လီဗာပူးတို့ ခြေစွမ်းပြနိုင်ခဲ့သည်။ လီဗာပူးအတွက် အဖွင့်ဂိုးကို ၂၆ မိနစ်၌ ရီရေးရာက တစ်ဂိုး၊ ၅၃မိနစ်နှင့် ၅၈မိနစ်၌ ရော်ဘီကိန်းက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သဖြင့် လီဗာပူးတို့ သုံးဂိုးပြတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ရယူခဲ့ခြင်း ဖြစ်သည်။ ။

အခြားပွဲရလဒ်

မန်စီးတီး	၅	-	၁	ဟူးလ်စီးတီး
ပို့စ်မောက်	၁	-	၄	ဝက်စ်ဟမ်း
စပါး	၀	-	၀	ဖူလ်ဟမ်
မစ်ဒယ်ဘရော့	၀	-	၁	အဲဗာတန်
ဆန်းဒါးလန်း	၀	-	၀	ဘလက်ဘန်း
ဝီဂန်	၂	-	၁	နယူးကာဆယ်

အား က စား သ တင်း မှတ် စု မောင် ချစ် ကြည်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာရှအကောင်းဆုံး ဘောလုံးသမားဆုနှင့် ပတ်ဂျီဆန်

✎ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ တိုးလွင် - စာမျက်နှာဖွဲ့စည်းသည်

ဆိုးလ် ဒီဇင်ဘာ ၂၆

၂၀၀၈ခုနှစ်ရဲ့ အာရှအကောင်းဆုံး ဘောလုံးသမား ၁၀ဦးရဲ့စာရင်းကို ဂိုးလ်ကွန် အင်တာနက်ဝက်ဘ်ဆိုက်မှာ ဒီဇင်ဘာ ၂၅ရက်က ရွေးချယ်တဲ့အခါ တောင်ကိုရီးယားနဲ့ မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန်(အောက်ဝဲပုံ)**က ထိပ်ဆုံးနေရာမှာ ရွေးချယ်ခံခဲ့ရပါတယ်။**

ဒုတိယနေရာမှာ အရွေးခံရသူကတော့ ဂျပန် ဘောလုံးအသင်းနဲ့ ဂမ်ဘာအိုဆာကာကလပ် ဘောလုံးအသင်း ကစားသမား ယာဆူဟီကိုအင်ဒို ဖြစ်ပါတယ်။ တတိယနေရာမှာတော့ သြစတြေးလျ ဘောလုံးအသင်း လက်ရွေးစင်နဲ့ ဘလက်ဘန်းအသင်း ကစားသမား ဘာရက်အီမာတန် ဖြစ်ပါတယ်။

စတုတ္ထနေရာမှာ ရွေးချယ်ခံရတဲ့ ကစားသမားကတော့ အီရန် ကွင်းလယ်ကစားသမားနဲ့ အိုဆာဆူနာကလပ်အသင်း ကွင်းလယ်ကစားသမား နီကောနမ်ပဲ ဖြစ်ပါတယ်။ အီရန် ဘောလုံးသမားတွေဟာ ဥရောပမြေအထိ ခြေဆန့်ကစားနိုင်တဲ့ နိုင်ငံတကာ အဆင့်မီ ဘောလုံးသမားတွေဖြစ်နေပြီ ဖြစ်ပါတယ်။

ရရှိခဲ့

အီရန် ကွင်းလယ်ကစားသမား နီကောနမ်ဟာ အိုဆာဆူနာမှာတော့ အဓိက ကစားသမားအဖြစ်ရောက်အောင် ကြိုးစားခဲ့ပြီး ပြီးခဲ့တဲ့နှစ်က အီရန်နိုင်ငံရဲ့ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

အာရှရဲ့ ၂၀၀၈ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်ခံရတဲ့ တောင်ကိုရီးယားနဲ့ မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန်ဟာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ၁၉၈၁ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်မှာ မွေးဖွားခဲ့သူမို့ မကြာခင်မှာ ၂၈ နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။

ရယူပေးနိုင်

ပတ်ဂျီဆန်ဟာ ၂၀၀၄ခုနှစ်မှာ ပီအက်စ်ဗွီအင်ဒိုဗင် ကလပ်မှာ ကစားခဲ့ပြီး ၂၀၀၅ခုနှစ်မှာ ပြောင်းရွှေ့ကြေး ပေါင်လေးသန်းနဲ့ မန်ယူကလပ်ကို ရောက်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ဖလားတွေ ရယူပေးနိုင်ခဲ့ပါတယ်။

ပတ်ဂျီဆန်ဟာ ၂၀၀၁ခုနှစ်တုန်းက ဂျပန် ဒုတိယကလပ် ကျိုတိုပါလီဆင်ဂါအသင်းမှာ ပါဝင်ကစားခဲ့တုန်းက ဂျပန် ဘုရင့်ဖလားကို ယူဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာလည်း တောင်ကိုရီးယား ဘောလုံးအသင်းမှာ ပါဝင်ကစားခဲ့ပြီး နည်းပြဂူဟစ်ဒင့်က မှတ်ချက်ပြုခဲ့လို့ ပီအက်စ်ဗွီအင်ဒိုဗင်အသင်းက ခေါ်ယူကစားခဲ့တာဖြစ်ပါတယ်။

ပတ်ဂျီဆန်ဟာ ပီအက်စ်ဗွီအင်ဒိုဗင်အသင်းမှာ နှစ်နှစ်ကစားပေးခဲ့တဲ့ ကာလအတွင်းမှာ ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပီအက်စ်ဗွီနှင့် အေစီမီလန်တို့ ၂၀၀၃-၂၀၀၄ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ပီအက်စ်ဗွီအတွက် အဖွင့်ဂိုး သွင်းပေးခဲ့တဲ့သူပါပဲ။

ပတ်ဂျီဆန်ကစားပုံကို မန်ယူကင်းထောက်တွေ တွေ့ပြီး မန်ယူအသင်းရောက်အောင် ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားသမိုင်းမှာတော့ မန်ယူလို ကမ္ဘာကျော် ထိပ်တန်းအသင်းကိုသွားရောက်ကစားခွင့်ရတဲ့ ပထမဆုံး တောင်ကိုရီးယား ကစားသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အခု အာရှရဲ့ ၂၀၀၈ခုနှစ် အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံရတာဟာ ပတ်ဂျီဆန်အတွက်ကတော့ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

အကောင်းဆုံး

အာရှရဲ့ ၂၀၀၈ခုနှစ် အကောင်းဆုံး ဘောလုံးသမား ၁၀ဦးထဲမှာ ဥဇဘက်ကစ္စတန်က ဒီဂျေပါရှော့ဗ်၊ အီရတ်မှ မူလာမိုဟာမက်၊ ဆဲလ်တစ်ကလပ်မှာ ကစားနေတဲ့ ဂျပန် ဘောလုံးသမား နာကာမူရာ၊ မြောက်ကိုရီးယား ဘောလုံးသမား ယောင်ယောင်ဂျို၊ ကူဝိတ်ဘောလုံးသမား အာမက်အေဂျက်နဲ့ မော်လဒိုက်ဗ်ဘောလုံးသမား အလီအာရှတ်တို့ပဲ ဖြစ်ပါတယ်။

ရွေးချယ်

ဒီဘောလုံးသမားတွေဟာ မိခင်နိုင်ငံရဲ့ ဘောလုံးအသင်းမှာပါ ခြေစွမ်းပြနိုင်တဲ့ ကစားသမားတွေဖြစ်ပြီး ပါဝင်ကစားနေတဲ့ ကလပ်အသင်းတွေနဲ့အတူ ပြည်တွင်းပြည်ပ ဆုဖလားတွေ ရယူပေးနိုင်ခဲ့တာမို့ အခုလို အကောင်းဆုံး ဘောလုံးသမားတွေအဖြစ် ရွေးချယ်ခံရခြင်း ဖြစ်ပါတယ်။

အာရှ အကောင်းဆုံးဘောလုံးသမား ပတ်ဂျီဆန်ကို တောင်ကိုရီးယား ဘောလုံးအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်တာဝန်ပေးလိုက်ပြီဖြစ်တာမို့ တောင်ကိုရီးယားအသင်း ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာ ဘယ်အတိုင်းအတာအထိ တက်ရောက်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

တိုက်စစ်မှူးအိုဝင် နယူးကာဆယ်တွင် တစ်နှစ်ထပ်နေသင့် အသင်းဥက္ကဋ္ဌဟောင်း ဖရက်ဒီရှက်ပတ်ဒ် တိုက်တွန်းပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၆

တိုက်စစ်မှူး မိုက်ကယ်အိုဝင်အနေဖြင့် နယူးကာဆယ်အသင်းတွင် အနည်းဆုံး နောက်ထပ်တစ်နှစ် ဆက်ကစားသင့်သည်ဟု ယုံကြည်ကြောင်း နယူးကာဆယ်အသင်းဥက္ကဋ္ဌဟောင်း ဖရက်ဒီရှက်ပတ်ဒ်က ပြောကြားခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။

ကမ်းလှမ်း

နယူးကာဆယ်အသင်းသည် အိုဝင်အား သုံးနှစ်တာ စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ရာသီကုန်တိုင်အောင် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ရဦးမည်မဟုတ်ကြောင်း မိုက်ကယ်အိုဝင်က အခိုင်အမာ ပြောကြားခဲ့သည်။

၂၀၀၅ခုနှစ်တွင် ရီးရဲမက်ဒရစ်မှ နယူးကာဆယ်အသင်းသို့ ပေါင် ၁၇သန်းဖြင့် ပြောင်းရွှေ့နိုင်ရေးအတွက် ရှက်ပတ်ဒ်က အကူအညီပေးခဲ့သူ မိုက်ကယ်အိုဝင်သည် နွေရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သည့် ကစားသမားဖြစ်လာနိုင်သည်။

ဆက်သွယ်

အိုဝင်သည် ၎င်း၏အသင်းဟောင်း လီဗာပူးနှင့် စပါး၊ ချယ်လ်ဆီးအသင်းတို့က ၎င်းအားခေါ်ယူရန် ဆက်သွယ်ခဲ့သော်လည်း ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားခဲ့သည်။ (အင်တာနက်)

ဥရောပ ဟဲဗီးဝိတ်လက်ဝှေ့သရဖူ ဗြိတိသျှလက်ဝှေ့သမား စကယ်လ်တန် ဆွတ်ခူး

လန်ဒန် ဒီဇင်ဘာ ၂၆

ဗြိတိသျှလက်ဝှေ့သမား စကယ်လ်တန်သည် အီတလီနိုင်ငံ မီလန်မြို့၌ ပေါ်လိုဗီဒေ့ါဇ်အား အနိုင်ရရှိကာ လစ်လပ်နေသော ဥရောပ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ဆွတ်ခူးနိုင်ခဲ့သည်။

ပျက်ပြား

စကယ်လ်တန်သည် ယခုနှစ်စောစောပိုင်းက ဒဗလျူဘီစီ ကမ္ဘာ့လက်ဝှေ့သရဖူကို ရယူရန် ရည်ရွယ်ချက် ဆုံးရှုံးပျက်ပြားခဲ့ရပြီးနောက် အဖတ်ဆယ်သည့်အနေဖြင့် ကြိုးစားယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကိုးချီမြောက်တွင် အီတလီလက်ဝှေ့သမား ဗီဒေ့ါဇ်က ၎င်းအား အရှုံးပေးခဲ့ရသည်။

ယှဉ်ပြိုင်ထိုးသတ်

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ရစ်လန်ချာဂါယက်ဗ်အား အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သူ စကယ်လ်တန်သည် ယခုအခါ မာတင်ရိုဂန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရဖွယ်ရှိသည်။

ရိုဂန်သည် ယခုလစောစောပိုင်းက အော့ဒ်လေဟာရီဆန်အား ယှဉ်ပြိုင်ထိုးသတ်ကာ အနိုင်ရယူခဲ့ပြီးနောက် စကယ်လ်တန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ပစ်မှတ်ထားကာ ချက်ချင်း ဆုံးဖြတ်ခဲ့သည်။ **(အင်တာနက်)**

အီတလီအသင်းတွင် တော့တီပါဝင်မည် နည်းပြ မာဆယ်လိုလစ်ပီ ပြောကြား

ရောမ ဒီဇင်ဘာ ၂၆

"၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမတိုင်မီ အီတလီအသင်းခေါင်းဆောင် တော့တီ ဘောလုံးပြန်ကစားနိုင်ပါလိမ့်မယ်.. တော့တီဟာ ပေါင်ကြောဒဏ်ရာရရှိနေတာကို ဆေးကုသမှုခံယူဖို့ ရှိနေတာဆိုပေမယ့် ၂၀၁၀ ကမ္ဘာ့ဖလားပွဲတွေမှာတော့ သူ သေချာပေါက် ပြန်ကစားမှာပါ၊ အီတလီအသင်းအတွက် တော့တီရဲ့ ဦးဆောင်မှုနဲ့ ပါဝင်ကစားမှုတွေ လိုအပ်နေပါတယ်။ တော့တီကို အီတလီအသင်းခေါင်းဆောင်နဲ့ အဓိက တိုက်စစ်မှူးတာဝန်တွေ ပေးသွားမှာပါ"ဟု အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြားသည်။ **(အင်တာနက်)**

အီရန် ယူ-၁၆ ဘောလုံးအသင်း အီတလီသို့ လေ့ကျင့်ရန်ဖိတ်ခေါ်

တီဟီရန် ဒီဇင်ဘာ ၂၆

အီတလီ ဘောလုံးအဖွဲ့ချုပ်က အီရန်၏ ယူ-၁၆ ဘောလုံးအသင်းအား လာရောက်လေ့ကျင့်ရန် ဖိတ်ခေါ်ထားရာ မကြာမီရက်ပိုင်းအတွင်း သွားရောက် လေ့ကျင့်မည်ဖြစ်ကြောင်း အီရန် ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် လာမည့် ၂၀၀၉ခုနှစ်၌ ကျင်းပမည့် ယူ-၁၇ ဖီဖာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် အီတလီသို့ လေ့ကျင့်ရန် သွားရောက်မည် ဖြစ်သည်။

အီရန် ယူ-၁၆ ဘောလုံးအသင်းသည် အာရှ ဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၈ခုနှစ် အေအက်ဖ်စီ ယူ-၁၆ ချန်ပီယံရှစ်ဖလား ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ (အင်တာနက်)

ဖာဘရီဂတ်စ် လေးလခန့် အနားယူရဖွယ်



လန်ဒန် ဒီဇင်ဘာ ၂၆

လီဗာပူးအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သော ဒီဇင်ဘာ ၂၀ရက်က ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ် အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်သည် ဒူးအရွတ်ပြတ်သည့်ဒဏ်ရာ ရရှိသွားခဲ့ပြီးနောက် လေးလခန့် အနားယူရဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

အသက် ၂၁နှစ်ရှိ ဖာဘရီဂတ်စ်သည် ယင်းနေ့က လီဗာပူးအသင်းမှ အလွန်ဆိုနှင့် ဘောလုံးယှဉ်လုစဉ် ယင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကလည်း လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားအသစ်များ ထပ်မံခေါ်ယူရဖွယ်ရှိကြောင်း ဝန်ခံပြောကြားထားသည်။

အကောင်အထည်ဖော်

မိမိတို့အသင်းအနေဖြင့် ကစားသမား ထပ်မံခေါ်ယူရဖွယ်ရှိသော်လည်း အသင်း၌ အတွင်းရေးပြဿနာရှိနေကြောင်း၊ ဖရိုဖရဲဖြစ်နေခြင်းမဟုတ်ကြောင်း၊ သို့သော်လည်း မိမိတို့၏အသင်းသည် ကြိုးစားရန်ရှိနေသေးသည့်အတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆိုသည်။ **(အင်တာနက်)**

အင်တာနက် သတင်းအတို/အထွာ

လက်ရှိကစားသမားများဖြင့် ဖလားများကာကွယ်နိုင်မည်

လန်ဒန် ဒီဇင်ဘာ ၂၆

"လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်မှာ မိမိတို့ မန်ယူအသင်းအတွက် ဘောလုံးသမားအသစ်များ ခေါ်ယူမှာ မဟုတ်ပါဘူး၊ လက်ရှိကစားသမားတွေနဲ့ ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေကို ကာကွယ်သွားနိုင်မယ်လို့ ယုံကြည်နေပါတယ်။ ဒီနှစ် ဘောလုံးရာသီအတွက် မန်ယူအသင်းဟာ ပထမဆုံး ဆုဖလားဖြစ်တဲ့ ဖီဖာကလပ် ကမ္ဘာ့ဖလားကြီးကို ရယူပေးနိုင်ခဲ့ပြီဖြစ်လို့ ကျွန်တော့်ကစားသမားတွေအပေါ် ယုံကြည်မှု အပြည့်ရှိနေပါတယ်"ဟု ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

ပရီမီယာလိဂ်ဖလား အရယူမည်

လန်ဒန် ဒီဇင်ဘာ ၂၆

"မိမိတို့လီဗာပူးအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်ဖလားကို ရယူသွားနိုင်မယ်လို့ အပြည့်အဝယုံကြည်နေပါတယ်။ လီဗာပူးအသင်းဟာ ခရစ္စမတ်ကာလကို တန်းစီဇယားထိပ်ဆုံးကနေပြီး ကျော်ဖြတ်နိုင်ခဲ့ပါပြီ။ နည်းပြဘင်နီတက်ဇ်ရဲ့ စွမ်းဆောင်ချက်နဲ့ ကျွန်တော်တို့ရဲ့ကြိုးစားမှုတွေ ပေါင်းစပ်လိုက်ရင် ရာသီကုန်ချိန်မှာ ပရီမီယာလိဂ်ဖလားကို ကျွန်တော်တို့ ကိုင်မြှောက်ခွင့်ရရှိမှာ သေချာပါတယ်"ဟု လီဗာပူးတိုက်စစ်မှူး တောရက်စ်က ဖွင့်ဟခဲ့သည်။ **(အင်တာနက်)**

တင်းနစ်လောက၌ မှတ်တမ်းဝင်ချင်

နယူးယောက် ဒီဇင်ဘာ ၂၆

"လာမည့် ၂၀၀၉ခုနှစ်မှာ ကြီးလေးကြီးပြိုင်ပွဲအားလုံး အနိုင်ရယူဖို့ အပြင်းအထန်လေ့ကျင့်နေပါတယ်။ အဲဒီဖလားတွေရယူဖို့ မလွယ်ကူမှန်းသိပေမယ့် လေ့ကျင့်မှုတွေလည်း မပြတ်ဘူး၊ ထိခိုက်ဒဏ်ရာရရှိမှုလည်း မရှိတာမို့ ရယူနိုင်လိမ့်မယ်လို့ မျှော်မှန်းနေပါတယ်။ အမျိုးသမီး တင်းနစ်လောကမှာ စံချိန်သစ်အဖြစ် မှတ်တမ်းဝင်ချင်လို့ပါပဲ"ဟု အမျိုးသမီး တင်းနစ်အကျော်အမော် စီရီနာဝီလျံက ပြောကြားသည်။(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

FAME
Diarstat®
Natural anti-diarrheal agent
ဝမ်းလျှောဝမ်းပျက်ကုဆေး

IELTS Specialists
4-Lg Skills [Communicative English]
Pre-IELTS (long term) / Exam preparation

Nay Wunn Ni
Critical Thinking
Exploring
Investigating
Challenging
Creative Thinking
I.Q
Application of mathematical knowledge

TOP

ကန့်ကွက်ရန်ကြော်ငြာ

ဘားအံမြို့ အထက(၃) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဘားအံမြို့ အထက(၃) ကျောင်းသားကျောင်းသူဟောင်းများမှ ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အထက(၃) ကျောင်း၌ ပြုလုပ်မည့် ကန်တော့ပွဲသို့ တက်ရောက်နိုင်ပါရန် ကျောင်းသား ကျောင်းသူဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက-

ဒေါ်ခင်လှဝေ(ကျောင်းအုပ်ကြီး)	ဖုန်း- ၀၅၈-၂၁၄၆၅
ဦးအောင်ချစ်	ဖုန်း- ၀၅၈-၂၂၄၃၇၊ ၀၅၈-၂၂၄၇၅
ဦးအောင်မြင့်ဝင်း	ဖုန်း- ၀၅၈-၂၁၂၉၁
ဦးဝင်းထိန်	ဖုန်း- ၀၅၈-၂၂၈၀၇
ဦးလူဇော်သိန်း	ဖုန်း- ၀၅၈-၅၀၅၀၆၊ ၀၅၈-၅၀၁၉၁

တို့သို့ ဆက်သွယ်နိုင်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တမူးခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၂

မန်နေဂျာ နှင့် ၁။ ဦးမောင်ချစ်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ထားကြည်
တမူးမြို့။
တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တမူးမြို့၊ ကွင်းအမှတ်(၂၇) မင်းတဲရပ်၊ ဦးပိုင်နံပါတ်(၈၅/၂)၊ ဧရိယာ ၀ဒသမ ၁၄၇ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ(၂၇×၂၅)ပေ ၄ ၁/၂ လက်မထု နံကပ်နှစ်ထပ်အဆောက်အအုံနှင့်တွဲလျက် (၁၄×၂၇)ပေ ၄ ၁/၂ လက်မထု တစ်ထပ်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းအောင်
ခရိုင်တရားသူကြီး
တမူးခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တမူးခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၄

မန်နေဂျာ နှင့် ၁။ ဦးသိန်းခိုင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်ခင်ထား
တမူးမြို့။
တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တမူးမြို့၊ ကွင်းအမှတ်(၂၈)၊ မင်းတဲရပ်၊ ဈေးတန်း(၃)၊ ဦးပိုင်နံပါတ် (၉၆/၁)၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၄×၂၄)ပေ ကိုးလက်မထု အုတ်ညှပ်၊ ၄ ၁/၂ ထုအုတ်ညှပ် နှစ်ထပ်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းအောင်
ခရိုင်တရားသူကြီး
တမူးခရိုင်တရားရုံး။

ရောင်းမည်
Denyo 90 KVA
90 Model မီးစက်
ပတ်ကား ပြုပြင်ပြီး
အသင့်သုံးရန်
ဖုန်း-၀၉-၂၁-၃၂၄၄၆။

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင် မပေါ့နှင့်

ဆည်ရေစိမ့်မှု ပိတ်ဆို့ပြုပြင်

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ နိုဝင်ဘာ ၇ရက်က မြို့ရေပေးရေးလုပ်ငန်းဖြစ်သော နတ်တောင်ပြင်ဆည်ထူးကျရေစိမ့်ယိုမှုများအား ပိတ်ဆို့ပြုပြင်ရာ၌ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စာပေဟောပြောပွဲ ကျင်းပမည်

နေပြည်တော်တပ်ကုန်း ဒီဇင်ဘာ ၁၇

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းပွဲကို ဒီဇင်ဘာ ၂၇ရက် ည၇နာရီတွင် နေပြည်တော်တပ်ကုန်း ဗုဒ္ဓသာသနာပြုဗိမာန်၌ ကျင်းပမည်ဖြစ်ရာ စာပေဟောပြောပွဲတွင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဒေါက်တာတင်ထွန်းဦး၊ ဆရာမြတ်ခိုင်နှင့် ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့ ဟောပြောကြမည်ဖြစ်သည်။

(စာပေစာနယ်ဇင်း)

တံတားဆောင်ရွက်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေဝိဇ္ဇာလမ်း အုတ်ခုံခံ သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မိတ္ထီလာ မြို့မဈေး၌ ဆောင်ရွက်

မိတ္ထီလာ ဒီဇင်ဘာ ၂၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း မီးသုံးစွဲမှုမရှိစေရေး၊ မီးဘေးလုံခြုံရေး အထောက်အကူပြုပစ္စည်းများစုဆောင်းခြင်း၊ ရေတင်စက်များ၊ ရေစုပ်စက်များအား ဈေးဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် အမြဲမပြတ် စမ်းသပ်မောင်းနှင်စေခြင်း၊ ဈေးအတွင်း လျှပ်စစ်မီးကြိုးများ စစ်ဆေးလဲလှယ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အစားထိုးလဲလှယ်

အဆိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဒီဇင်ဘာ၁၂ရက်က ဈေးအတွင်းသွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ ကောင်းမွန်မှုရှိမရှိ၊ အသုံးပြုမီးနှင့် လုံခြုံရေးမီးများ ခွဲခြားသုံးစွဲခြင်းရှိမရှိနှင့် ဆိုင်ခန်းများရှိ မီးကြိုးများ ပေါက်ပြဲခြင်း ရှိမရှိကို မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးပြီး လဲလှယ်သင့်သည့် မီးကြိုးများအတွက် အစားထိုး အသစ်ပြန်လည်လဲလှယ် တပ်ဆင်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၆

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဗိုလ်လောင်း တပ်ခွဲများ ချီတက် အလေးပြု

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ကျောင်းဆင်း ဗိုလ်လောင်း တပ်ခွဲများ ချီတက်အလေးပြုကြစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အိမ်တိုင်းလိုလိုမှာ စွန့်ပစ်တဲ့အသီးအရွက်တွေ၊ စွန့်ပစ်သစ်သီးဝလံတွေ၊ လယ်ကွင်း၊ စိုက်ခင်းတွေက ထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေကိုတောင် မြေကျင်းတို့၊ လှောင်ကန်တို့ထဲမှာ စုစည်းပြီး လှောင်ထားကြသတဲ့။ အဲဒီလိုစုစည်းမှုကြောင့် အော်ဂဲနစ်ဓာတ်ပြုမှုတွေဖြစ်ပြီး တီကျစ်စာ၊ ကောက်ရိုးဆွေးတို့လိုပဲ အဖိုးတန်တဲ့ သဘာဝမြေသြဇာတွေအဖြစ် ပြောင်းလဲအသုံးချကြတယ်လို့သိရတယ်။ စနစ်တကျ သုံးတတ်တော့လည်း စွန့်ပစ်ပစ္စည်းတောင် အကျိုးရှိတဲ့ သွင်းအားစုတစ်ခုအဖြစ် ပြောင်းလဲသွားစေနိုင်တာပေါ့ကွာ။ ကျော်ရဲမင်း၏ဆောင်းပါး စာ ၁၀ နှင့် ၁၁